မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတက်ရောက် အာဆီယံနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆွေးနွေးပွဲ ပြီးမှုကတ္တာဟာချက်များကို ကျဉ်းမြောင်းသွားစေရေး ဟန်ချက်ညီညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၃ ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Shangri-La's Island Resort Hotelရှိ Mactan Summit Hall, Summit Complex၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးအပြီးတွင် ထုတ်ပြန်သော စီးဘူးကြေညာချက်များကို လက်မှတ်ရေးထိုးသည်။

တက်ရောက်

အဆိုပါ (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ထိပ်သီးအစည်းအဝေး စီးပွားရေး မဟာဗျူဟာရည်မှန်းချက်များ မြှင့်တင်နိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ဇန်နဝါရီလ ၁၂ရက်နေ့က ကျင်းပသည့် တတိယအကြိမ် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် CLMV ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

တတိယအကြိမ် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ်ထိပ်သီးအစည်းအဝေး၏ အလှည့်ကျသဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့နှင့် ရင်းနှီးဖော်ရွေစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

တတိယအကြိမ် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် CLMV ထိပ်သီးအစည်းအဝေးတွင် CLMV နှင့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)နိုင်ငံများအကြား ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး၊ ရှေ့လုပ်ငန်းစဉ်သစ် ချမှတ်ရေးစသည်တို့ကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် CLMV နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်သစ်နှင့် တတိယအကြိမ် CLMV နိုင်ငံများ၏ ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ထိပ်သီးအစည်းအဝေးများ ခရီးစဉ်သည် စီးပွားရေးမဟာဗျူဟာ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အားပေးမြှင့်တင်နိုင်သည်သာမက အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည့်အပြင် နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

တုကျွန်းဇမ္ဗူ အောင်ဇောဓိစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် တန်၁၀၀ဆန်စက် တစ်ဖက်ကမ်းရှိ ဘုရားချောင်ကျေးရွာတွင် တည်ထားကိုးကွယ်ထားသည့် တုကျွန်းဇမ္ဗူအောင်ဇောဓိစေတီတော်အား ၁၃၆၈ခုနှစ် တပို့တွဲလပြည့်နေ့(ကြာသပတေးနေ့) (ဖေဖော်ဝါရီ ၁ ရက်)တွင် သတ္တမအကြိမ်မြောက် အနေကဇာတင်မင်္ဂလာ၊ တုကျွန်းဇမ္ဗူ မဟာမြတ်မုနိရုပ်ပွားတော် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် သံဃာတော် ၁၈ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်မည်ဖြစ်ရာ ကြွရောက်ကြပါရန် ဂေါပကအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၈–၁–၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟဒယရွှင်လန်းအငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၂၂)ဇာတ်သိမ်းပိုင်း
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း–၂၃)

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယဆုံးမစာ အမှတ်စဉ်(၈)

ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု လေးယောက်

ချစ်ဟန်ဆောင်သောသူသည် မုန်းဟန်ပြုသူထက်ပင် ကြောက်မက်ဖွယ်ကောင်းသော အဆွေခင်ပွန်းတု ဖြစ်ပါသည်။ ထိုအဆွေခင်ပွန်းတုမျိုးသည်–

– မိမိ မသိနားမလည်၍ မကောင်းမှုလမ်းမှားကို လွဲမှားစွာ ပြုလုပ်နေသည်ကိုပင် ကောင်းပါသည်ဟု ပြောဆိုတတ်သူ၊

– မကောင်းသောအမှုကို မိမိ မသိနားမလည်၍ ပြုလုပ်ရန်ကြံရွယ်တိုင်ပင်လျှင်လည်း ၎င်းအနေဖြင့် ဆင်ခြင်သုံးသပ် တားမြစ်ခြင်းမရှိ ခွင့်ပြုအားပေးတတ်သူ၊

– မကောင်းမှုပြုလုပ်သည်ကို ကောင်းမှုပြုလုပ်သယောင် ဖုံးကွယ်ပြီး ရှေ့တွင် ချီးမွမ်းစကားပြောဆိုတတ်သူ၊

– ရှေ့တွင်ချီးမွမ်းထားသော မကောင်းမှုမျိုးကို မျက်ကွယ်ရောက်မှ ကဲ့ရဲ့ပြောဆိုတတ်သူ။

ဤသူလေးဦးတို့သည် လောကတွင် ရှောင်ရှားရမည့် မပေါင်းအပ်သူ လေးဦးတို့ပင်ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ရန်သူကို ရန်သူမှန်းမြင်၍ ရှောင်ကြဉ်ရ လွယ်ကူသော်လည်း အထက်ဖော်ပြပါ မိတ်ဆွေတုများကို သိရှိနားလည်ရှောင်ကြဉ်ရန် ခက်ခဲသဖြင့် ရန်သူထက်ပင် ကြောက်စရာ ကောင်းသူများ ဖြစ်ပါသည်။ ။

(သာသနာရေး)

အီရန်၏ နျူကလီးယားပြဿနာ သံတမန်ရေးအရသာ ဖြေရှင်းသင့် မည်သည့်အင်အားသုံးမှုကိုမျှ လက်ခံမည်မဟုတ် ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ခိုရာဖီပြောကြား

ကူဝိတ်စီးတီး ဇန်နဝါရီ ၁၇

အီရန်နိုင်ငံအပေါ် မည်သို့သော စစ်ရေးအရ အရေးယူဆောင်ရွက်မှုမျိုးကိုမဆို ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂျမ်ဆင်အယ်ခိုရာဖီက ပြောကြားလိုက်သည်ဟု ကူဝိတ်နိုင်ငံ အာရပ်တိုင်းမ်သတင်းစာ၌ ဇန်နဝါရီ၁၅ရက်က ဖော်ပြသည်။

နိုင်ငံရေးနည်းလမ်းနှင့် တွေ့ဆုံ ဆောင်ရွက်မှု မပြုလုပ်သင့်ကြောင်း ဆွေးနွေးမှုများသာ ပြုလုပ်သင့်ပြီး ဇန်နဝါရီ ၁၄ရက်က ပြုလုပ်သော အီရန်အပေါ် စစ်ရေးအရအရေးပေါ် လွှတ်တော် အစည်းအဝေး၌ ခိုရာဖီက ပြောကြားသည်။ အီရန်နိုင်ငံ၏ နျူကလီးယား ပြဿနာနှင့်ပတ်သက်၍ အမေရိကန်တို့က လာမည့် ဧပြီလ မတိုင်မီ စစ်ရေးအရ အရေးယူနိုင်ဖွယ် ရှိကြောင်း၊ ကူဝိတ်နိုင်ငံ၏ လွှတ်တော် အစည်းအဝေးမှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားကြောင်း အာရပ်တိုင်းမ်သတင်းစာက ဖော်ပြသည်။

သတိပေးပြောကြား

ထို့အပြင် သံတမန်နည်းလမ်းကို အသုံးမပြုလျှင် ကမ္ဘာ့တည်ငြိမ်အေးချမ်းမှုကိုလည်း ရရှိစေမည် မဟုတ်ကြောင်း၊ ထို့ကြောင့် မည်သည့် စစ်ရေးအရ အရေးယူမှုကိုမဆို ကူဝိတ်နိုင်ငံက ဆန့်ကျင်ကြောင်း ခိုရာဖီက သတိပေးပြောကြားသည်။

အထောက်အကူပြု

ကူဝိတ်နိုင်ငံအနေဖြင့် သံတမန်ရေးနည်းလမ်းဖြင့် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးကို အထောက်အကူပြုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ပစ်ရန် အမေရိကန် စစ်ဆန့်ကျင်ရေးအုပ်စု ဆန္ဒပြတောင်းဆို

ဟာဗားနား ဇန်နဝါရီ ၁၇

အမေရိကန်တို့၏ ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ပစ်ရေးနှင့်ပတ်သက်၍ ဆန္ဒပြပွဲတစ်ခု ပြုလုပ်ပြီးနောက် အမေရိကန် စစ်ဆန့်ကျင်ရေးအုပ်စုတစ်စုသည် ကျူးဘားနိုင်ငံသို့ ရောက်ရှိလာပြီးနောက် ဇန်နဝါရီ ၁၄ရက်က ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အမေရိကန် စစ်ဆန့်ကျင်ရေးအုပ်စုသည် ဗြိတိန်ရုပ်ရှင် ထုတ်လုပ်သူ မိုက်ကယ်ဝင်တာဘော့တွန် ရိုက်ကူးထားသည့် "ဂွမ်တာနာမိုသို့ သွားရာလမ်း"အမည်ရှိ ရုပ်ရှင်ကားကို ပြသခဲ့သည်။

ထိုရုပ်ရှင်ကားမှာ ဂွမ်တာနာမို အကျဉ်းစခန်းတွင် ညှဉ်းပန်းခံနေရသော အကျဉ်းသားသုံးဦး၏အကြောင်းကို ရုပ်ရှင်အဖြစ် ရိုက်ကူးထားခြင်းဖြစ်သည်။ ထိုရုပ်ရှင်ကားကို ပြသခဲ့သလို အမေရိကန်တို့၏ စစ်အခြေခံစခန်းအပြင်ဘက်၌လည်း ဆန္ဒပြမှုများ ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေး

အဆိုပါ အမေရိကန်စစ်ဆန့်ကျင်ရေး အုပ်စုသည် ကျူးဘားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရီကာဒိုအလန်ကွန်နှင့်လည်း တွေ့ဆုံခဲ့ပြီး ကျူးဘား ယဉ်ကျေးမှုဝန်ကြီး အာဘေး ပရီရီတိုဂျီမင့်ဇ်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

✡ ရှေ့ဖုံးမှ

ထိပ်သီးအစည်းအဝေး မစတင်မီ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် နံနက် ၉နာရီမှ စတင်၍ (၁၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံကျင်းပမည့် Summit Complex သို့ ရောက်ရှိလာကြရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယိုက ကြိုဆိုနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အာဆီယံနိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရှေးဦးစွာ (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး (Retreat) ကို နံနက် ၉နာရီ ၁၅မိနစ်တွင် Summit Complex ၌ ကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။

ပူးပေါင်းဆောင်ရွက်ရေး

အစည်းအဝေးတွင် သဘာပတိ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက ရှေးဦးစွာ အစည်းအဝေးအစီအစဉ်များကို တင်ပြပြီးနောက် အစည်းအဝေးကို စတင်ရာ အာဆီယံနိုင်ငံအကြီးအကဲများက အာဆီယံနိုင်ငံများအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံ ပေါင်းစည်းရေးလုပ်ငန်းအခြေအနေများကို ဆွေးနွေးကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး စီးဘူးကြေညာချက်လက်မှတ်ရေးထိုးပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ စီးဘူးကြေညာချက်ငါးခုကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အထူးဂရုပြု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အာဆီယံအသင်းကြီးအတွက် အာဆီယံပဋိညာဉ် (ASEAN Charter)မှာ အရေးကြီးကြောင်း၊ ယင်း Charter က အာဆီယံနိုင်ငံများအကြား စည်းလုံးညီညွတ်ရေး၊ ခိုင်မာရေးနှင့် ပေါင်းစည်းရေးတို့ကို ဖော်ညွှန်းသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံ Charter ကို အထူးဂရုပြု စဉ်းစားရေးဆွဲသွားကြရန်လိုကြောင်း၊ ထို့အပြင် အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်နှင့် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှု ကွာဟချက်များကို ကျဉ်းမြောင်းသွားစေမည့်လုပ်ငန်းစဉ်တို့ကို ဟန်ချက်ညီညီဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အာဆီယံနိုင်ငံခေါင်းဆောင်များက အာဆီယံပဋိညာဉ် (ASEAN Charter) ရေးဆွဲရေးအတွက် ပညာရှင်အဖွဲ့၏ အကြံပြုချက်များအနက် အလေးထားစဉ်းစားသင့်သည့် အချက်များ၊ အာဆီယံ ၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်များကို ရှေ့သို့တိုး၍ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရေး၊ နိုင်ငံတကာအကြမ်းဖက်ပြဿနာ တားဆီးကာကွယ်တိုက်ဖျက်ရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်များ လျော့ကျစေရေးနှင့် အာဆီယံပေါင်းစည်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စွမ်းအင်ဖူလုံရေးအတွက် စွမ်းအင်ချွေတာရေး၊ စွမ်းအင်ထိရောက်စွာ အသုံးချနိုင်ရေး၊ အစားထိုးလောင်စာဆီများ တိုးမြှင့်အသုံးချနိုင်ရေး၊ အာဆီယံအသင်းကို နားလည်မြတ်နိုးသော ပညာတတ်လူငယ်များ ပြုစုပျိုးထောင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားပြဿနာဖြေရှင်းရေး၊ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးစသည့် အာဆီယံနိုင်ငံများအကြား ဖြစ်ပေါ်နေသော လုပ်ငန်းကိစ္စများအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

အမြင်ချင်းဖလှယ်

ထို့အတူ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ အခြားဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍လည်း ခေါင်းဆောင်အချင်းချင်း အမြင်ချင်း ဖလှယ်ကြသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေးကို ခေတ္တရပ်နားပြီး အာဆီယံခေါင်းဆောင်များသည် အလုပ်သဘော နေ့လယ်စာစားပွဲသို့တက်ရောက်ကြသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ (၂၇)ကြိမ်မြောက်အာဆီယံပါလီမန်များအဖွဲ့ဥက္ကဋ္ဌ Jose de Venecia Jr.က အာဆီယံပါလီမန်များအဖွဲ့၏အစီရင်ခံစာကို အာဆီယံခေါင်းဆောင်များအား တင်ပြသည်။

ဆက်လက်၍ 5th ASEAN People's Assembly ဥက္ကဋ္ဌ Dr. Carolina G. Hernandezက ၎င်းအဖွဲ့၏ အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးလုပ်ငန်းအကြံပေးကောင်စီအဖွဲ့ဝင်များတွေ့ဆုံပွဲကို ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် အာဆီယံစီးပွားရေးလုပ်ငန်း အတိုင်ပင်ခံကောင်စီအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ၌ အာဆီယံစီးပွားရေးလုပ်ငန်း အတိုင်ပင်ခံကောင်စီအဖွဲ့ကို အာဆီယံက ၁၉၉၇ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထိုသို့ဖွဲ့စည်းပေးခြင်းကြောင့် စီးပွားရေးနယ်ပယ်တွင် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အကြံပြုနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံနိုင်ငံ (၁၀)နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အာဆီယံတွင် ရင်ဆိုင်ဖြေရှင်းနေရသော ဆင်းရဲချို့တဲ့မှုပပျောက်ရေးအတွက် မည်သို့ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးတိုင်ပင်နိုင်ခဲ့ပါကြောင်း၊ အာဆီယံဒေသအတွင်း ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းသွားစေရန်နှင့် Regional Indentity ရရှိအောင် အာဆီယံအဖွဲ့ကြီးနှင့် တင်ပြပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားသည်။

ထို့နောက် အာဆီယံ ထိပ်သီးအစည်းအဝေး စီးဘူးကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို Mactan Ballroom 2/3 ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အပြန်အလှန်စောင့်ရှောက်ကူညီပြီး မျှဝေခံစားနိုင်သည့် အသိုင်းအဝိုင်း ထူထောင်ရေးဆိုင်ရာကြေညာချက်၊ အာဆီယံ ပဋိညာဉ်အတွက် အခြေခံရမည့်မူများနှင့် စပ်လျဉ်းသည့်ကြေညာချက်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်၊ နိုင်ငံတကာ အကြမ်းဖက်မှုပြဿနာ တားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ ကြေညာချက်၊ အာဆီယံ၏ မျှော်မှန်းချက်များကို ရှေ့သို့တိုး၍ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်စသည့် စီးဘူးကြေညာချက်ငါးခုတို့ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သဘာပတိ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက အာဆီယံအတွင်းရေးမှူးချုပ်ထံ လက်မှတ်ရေးထိုးပြီးသော ကြေညာချက်များကို လွှဲပြောင်းပေးအပ်သည်။

စာမျက်နှာ ၆ ကော်လံ ၁

စီးဘူးကြေညာချက် လက်မှတ်ရေးထိုး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတွင် စီးဘူးကြေညာချက်ငါးခုကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အာဆီယံ–တရုတ်ဆက်ဆံရေး ပိုမိုခိုင်မာတိုးတက်ကောင်းမွန် ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိ

အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အားပေးထူထောင်ရာ၌ ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဇန်နဝါရီ ၁၄ ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများဖြစ်သည့် (၁၀)ကြိမ်မြောက် အာဆီယံ–တရုတ်၊ အာဆီယံ–ကိုရီးယားနှင့် အာဆီယံ–ဂျပန်၊ (၅)ကြိမ်မြောက် အာဆီယံ–အိန္ဒိယနှင့် (၁၀)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

သဘာပတိ

ရှေးဦးစွာ အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေးကို နံနက် ၉ နာရီတွင် Shangri-La's Hotel Mactan ရှိ Ballroom-3 ၌ ကျင်းပရာ အိမ်ရှင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါကဲလ် အာရိုယိုက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အမှတ်တရစုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၁၀)ကြိမ်မြောက် အာဆီယံ–တရုတ် အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာဆီယံ–တရုတ်အကြား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ထိပ်သီးအစည်းအဝေးမစတင်မီ အာဆီယံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သုံးသပ်တင်ပြ

ထိပ်သီးအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က အာဆီယံ–တရုတ်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေ၊ အာဆီယံနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကူအညီပေးနေမှုအခြေအနေနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို သုံးသပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံခေါင်းဆောင်များက အာဆီယံ–တရုတ် ဆက်ဆံရေး ပိုမိုခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိရာ အာဆီယံ–တရုတ်ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်လိုအပ်ပုံ၊ အာဆီယံပေါင်းစည်းရေးလုပ်ငန်းနှင့် အာဆီယံဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆက်လက်အကူအညီပေးရေးကိစ္စ၊ အာဆီယံ–တရုတ်အကြား လွတ်လပ်သောကုန်သွယ်ရေးဒေသ ထူထောင်ရေးကိစ္စ၊ အာဆီယံ–တရုတ် စင်တာထူထောင်ရေးကိစ္စ၊ ဒေသတွင်း စွမ်းအင်ဖူလုံရေးကိစ္စ၊ ကူးစက်ရောဂါများ ကာကွယ်တားဆီးရေးကိစ္စ၊ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးကိစ္စ၊ ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားပြဿနာကို ဖြေရှင်းရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပါသောအခန်းကဏ္ဍကို ထောက်ခံလျက် အာရှ–ပစိဖိတ်ဒေသ တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဖော်ဆောင်ရန်တို့ကို ရှင်းလင်းဆွေးနွေးကြပြီး အာဆီယံ–တရုတ် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အာဆီယံ–တရုတ်အကြား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို Mactan Ballroom-4 ၌ ဆက်လက်ကျင်းပသည်။

လက်မှတ်ရေးထိုး

လက်မှတ်ရေးထိုးပွဲတွင် အာဆီယံ–တရုတ်ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်၏ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးသဘောတူစာချုပ် (Agreement on Trade in Services of The Framework Agreement on Conprehensive Economic Cooperation)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအပါအဝင် အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများကလည်းကောင်း၊ Plan of Action to Implement the Beijing Declaration on ASEAN-China ICT Cooperative Partnership for Common Development ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကလည်းကောင်း၊ MoU Between The Ministry of Agriculture of The People's Republic of China and The Association of Southeast Asian Nations (ASEAN)Secretariat on Agricultural Cooperation ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အာဆီယံခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အာဆီယံ–ကိုရီးယား

ထို့နောက် အာဆီယံ–ကိုရီးယား ထိပ်သီးအစည်းအဝေးကို နံနက် ၁၁ နာရီတွင် Ballroom-3 ၌ ကျင်းပသည်။

အာဆီယံ–ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်တို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထိပ်သီးအစည်းအဝေးမစတင်မီ အာဆီယံခေါင်းဆောင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်တို့သည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အက်မက်(စ်)ပြန်လည်သုံးသပ်မှုအစည်းအဝေးတက်ရောက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊စိုက်ပျိုးရေး၊လမ်းပန်းဆက်သွယ်ရေး၊ခရီးသွား၊စက်မှုလုပ်ငန်းတို့၌တိုးတက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေများရရှိရန် အကူအညီလိုအပ်လျက်ရှိ ချမှတ်ထားသောလုပ်ငန်းများကို လက်တွေ့ကျကျညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၃ ရက် ညနေ၄နာရီ ၃၅မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Shangri-La's Hotel ရှိ Rosal Ballroom-3 ၌ ကျင်းပသည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ခေါင်းဆောင်များ၏ ကာလလယ် ပြန်လည်သုံးသပ်မှုအစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ သုံးသပ်မှုအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသောင်းထွန်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဧရာဝတီ–ကျောက် ဖ ယား – မဲခေါင် စီးပွားရေး ပူး ပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)ခေါင်းဆောင်များ၏ ကာလလယ် ပြန်လည် သုံးသပ်မှု အစည်းအဝေးတွင် အက်မက်(စ်) အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ခေါင်းဆောင်များဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ခေါင်းဆောင်များ၏ ကာလလယ် ပြန်လည်သုံးသပ်မှုအစည်းအဝေးကိုကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်ချူလာနွန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အက်မက်(စ်)အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ရေရှည်တည်တံ့မည့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို မျှော်မှန်းရေးဆွဲခဲ့သော ပုဂံကြေညာချက်ကို ဒုတိယအကြိမ် အက်မက်(စ်)အစည်းအဝေးက ထပ်မံအတည်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်(စ်)အဖွဲ့၏ ၂၀၁၂ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ပေါ်လာအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CLMV၊ အက်မက်(စ်)၊ အာဆီယံ၊ GMS၊ ဘင်း(မ်)စတက်စသည့်အဖွဲ့အစည်းများ၌ မိမိတို့နိုင်ငံက တက်ကြွစွာပူးပေါင်းဆောင်ရွက်နေခြင်းသည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် မြန်မာနိုင်ငံ၏အလေးထားမှုကို ဖော်ညွှန်းလျက်ရှိကြောင်း။

တိုးတက်မှုရှိလာ

သက်တမ်းသုံးနှစ်သာရှိသေးသည့် အက်မက်(စ်)အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ကြည့်လျှင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်းတို့၌ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရကြောင်း။

သို့ရာတွင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် လိုအပ်သောရန်ပုံငွေများရရှိရန် လိုအပ်လျက်ရှိရာ မိတ်ဖက်နိုင်ငံများထံမှ ထိရောက်သောအကူအညီရရှိရန် ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

အက်မက်(စ်)အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ခေါင်းဆောင်များကလည်း အက်မက်(စ်)အဖွဲ့က ချမှတ်ထားသော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် တတိယအကြိမ် အက်မက်(စ်)အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ၂၀၀၇ခုနှစ်အတွင်း ကျင်းပသွားရေးတို့ကို ညှိနှိုင်းဆွေးနွေးကြပြီး ကာလလယ်ပြန်လည်သုံးသပ်မှုအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ထိပ်သီး အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတက အာဆီယံ–ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးဒေသ ထူထောင်ရေးတို့နှင့်စပ်လျဉ်း၍ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို သုံးသပ်ရှင်းလင်းပြောကြားသည်။

ဦးတည်ဆွေးနွေး

အာဆီယံခေါင်းဆောင်များကလည်း ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ရေး၊ အာဆီယံပေါင်းစည်းရေးလုပ်ငန်းများကို ဆက်လက်ကူညီထောက်ပံ့ရေး၊ အာဆီယံ–ကိုရီးယားလွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်နိုင်ရေး၊ အငယ်စားနှင့် အလတ်စားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို အားပေးထူထောင်ရာ၌ ကိုရီးယားသမ္မတနိုင်ငံ၏အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးရေး၊ အာဆီယံအိုင်စီတီလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာလွှဲပြောင်းပေးရေးစသည့် အာဆီယံ–ကိုရီးယားအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်းကောင်း၊ အကြမ်းဖက်မှုပြဿနာ၊ နယ်စပ်ဖြတ်ကျော်မှုခင်းပြဿနာ၊ စွမ်းအင်ဖူလုံရေးပြဿနာစသည့် နိုင်ငံတကာနှင့်ဆက်နွှယ်နေသည့် ကိစ္စများကိုလည်းကောင်း ရင်းနှီးစွာညှိနှိုင်းဆွေးနွေးအမြင်ချင်းဖလှယ်ကြပြီး အာဆီယံ–ကိုရီးယားပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဦးတည်ဆွေးနွေးကြပြီး အာဆီယံ–ကိုရီးယားထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၅)ကြိမ်မြောက် အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးနှင့် (၁၀)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတို့ကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ခေါင်းဆောင်များ၏ ကာလလယ် ပြန်လည်သုံးသပ်မှုအစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတအား တွေ့ဆုံနှုတ်ဆက် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၃ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Shangri-La's Hotel ရှိ Red Room ၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါကဲလ်အာရိုယိုအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသောင်းထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာမာကါပါကဲလ်အာရိုယိုနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်လ်ဘတ်တိုဂျီရိုမူလို၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Peter Favila နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ်အာရိုယိုအား ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Shangri-La's Hotel ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ်အာရိုယိုတို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Shangri-La's Hotel၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

လက်မှတ်ရေးထိုး

ဆက်လက်၍ တီမောလက်(စ်)တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး Mr.Jose Luis Guterres နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများသည် အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် တီမောလက်(စ်)တေနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးနိုင်မည့် နည်းလမ်းကို အာဆီယံခေါင်းဆောင်များရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းလက်မှတ်ရေးထိုးပွဲသို့ တီမော်လက်(စ်)တေနိုင်ငံ ဝန်ကြီးချုပ် Mr.Jose Ramos Horta လည်း တက်ရောက်သည်။

ထို့နောက် တီမောလက်(စ်)တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနဝန်ကြီးက ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးထံ စာချုပ်ကိုပေးအပ်ပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်ထံ စာချုပ်ကို လွှဲပြောင်းပေးအပ်လိုက်သည်။

ဆက်လက်၍ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်စားလှယ် မစ္စတာ Catherine Colonna နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပြင်သစ်နိုင်ငံ ပါဝင်နိုင်မည့် နည်းလမ်းကို လက်မှတ်ရေးထိုးကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်စားလှယ်က ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးထံ စာချုပ်ကို ပေးအပ်ပြီး ဖိလစ်ပိုင် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက အာဆီယံ အတွင်းရေးမှူးချုပ်ထံ စာချုပ်ကို လွှဲပြောင်းပေးအပ်လိုက်သည်။

လက်ခံ

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း Mr.Rodolfo C.Severino က ၎င်းရေးသားသော Southeast Asia in Search of an ASEAN Community စာအုပ်များကို အာဆီယံ နိုင်ငံအကြီးအကဲများအတွက် ပေးအပ်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက လက်ခံသည်။

ယင်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားများသို့ မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သီးခြားသံဃာ ကမ္မဋ္ဌာန်းနည်းပြတရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့၊ ဇောဓိရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန ဩဝါဒါစရိယ ပြည်တွင်းပြည်ပ သာသနာပြု(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ သောနက ကျေးဇူးရှင်ဆရာတော်ကြီးကိုယ်တိုင် ဦးစီးတော်မူ၍ ၁၃၆၈ခု တပို့တွဲလဆန်း ၁၂ရက်မှ တပို့တွဲလပြည့်ကျော် ၃ရက် (ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၄ရက်)အထိ ခုနစ်ရက်တိုင်တိုင် သတိပဋ္ဌာန် ဝိပဿနာနှင့် ကမ္မဋ္ဌာန်းနည်းပြ စခန်းကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော သံဃာတော်များအနေဖြင့် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းရွာ တောင်ကျောင်းဆရာတော် ဖုန်း–၀၆၉–၂၁၉၇၃၊ လိုင်းခွဲ– ၂၇၁ –၅၅နှင့် ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်းတိုက်ဆရာတော် ဖုန်း– ၀၅၃–၅၀၀၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၀)**

အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှန်တရားသည် မုချအောင်ပွဲခံရမည်

* မေတ္တာ ကရုဏာ၊မုဒိတာနှင့်
ဥပေက္ခာတရား၊ ထိုလေးပါးကို
ဒို့များ စောင့်ထိန်းကြပါသည်။
* 'မမှန်တာမပြော၊ မှန်တာပြော၏'
'မဟုတ်တာမလုပ်၊ ဟုတ်တာလုပ်၏'
'စိတ်ယုတ်မမွေး၊ စိတ်ကောင်းမွေး၏'
ဘေးဘိုးဘီဘင်၊ ရှေးယခင်မှ
သားစဉ်မြေးဆက်၊ ဒို့လက်ထက်ထိ
ပိုင်နက်မကျူး၊ မကြံဖူးခဲ့
ကျူးလာလျှင်သာ၊ ပြန်ကွယ်ကာ၍
'မြန်မာ' ဟူဘိ ကမ္ဘာသိ။
* 'လူ့အခွင့်အရေး'၊ နှုတ်ကြောင်းပေးလျက်
ပြည်ရေးဝင်စွက်၊ ပေါင်းပြီးဖျက်သည့်
အဖျက်လူစု၊လုပ်ကြံမှုမှ
ပြုသူလုပ်ရပ်၊ အဆုံးသတ်ခဲ့ပြီ
မြင့်မြတ်စိတ်ထား၊နှလုံးသားရှင်
တရားစီရင်၊ အမှားမြင်အောင်
ကယ်တင်ပေးလိုက်ကြလေပြီ။
* 'ကျေးဇူးကမ္ဘာ၊ လေးစားပါ၏'
လူ့ရွာအစဉ်၊ ငြိမ်းချမ်းချင်မူ
မှားမြင်မှန်ပြင်၊ ညီချစ်ခင်လျက်
အစဉ်မြဲမြဲ၊ လက်ချင်းတွဲ၍
အောင်ပွဲတူတူ ခံယူစို့။ ။

မောင်ရွှေလူ(မအူပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနှင့်ခင်ပွန်းတို့ကတည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ၁၄ ရက် ည ၈ နာရီ၁၅ မိနစ်က ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Marquee, Shangri-La's Hotel Mactan ၌ ကျင်းပသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယိုနှင့် ခင်ပွန်းတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်ချူလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ သြစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာနိုမူဟွန်၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စဟယ်လင်ကလပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အာဆီယံနိုင်ငံများနှင့် သြစတြေးလျ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ASEAN Charter Eminent Persons Group မှအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ သြစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ည ၈ နာရီမှစတင်၍ ဂုဏ်ပြုညစာစားပွဲကျင်းပမည့်ခန်းမသို့ ရောက်ရှိလာကြရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတနှင့် ခင်ပွန်းတို့က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြု ညစာစားပွဲ တည်ခင်း သုံးဆောင်နေစဉ်တွင် ဖိလစ်ပိုင်ရိုးရာ ဂီတနှင့်အဆိုအကများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရိုးရာနှင့် ခေတ်ပေါ်အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်ရိုးရာအကများဖြင့်ဖျော်ဖြေ

ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယိုနှင့် ခင်ပွန်းတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဖိလစ်ပိုင်ရိုးရာအဆိုအကများဖြင့် ဖျော်ဖြေကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လယ်ဝေးမှခွဲစိတ်လူနာများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က နေပြည်တော်ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသည့် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ခွဲစိတ်ကုသမည့် လူနာများသုံးစွဲရန် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်၉နာရီက အဆိုပါ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများနှင့်အဖွဲ့ခေါင်းဆောင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းနှင့် ဆရာဝန် ဆရာမများ၊ လယ်ဝေးမြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အားပေးစကားပြောကြား

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းငွေဖြင့် ဆေးဝါးကုသပေးမှုအခြေအနေနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခွဲစိတ်ဆောင်၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများသုံးစွဲရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့ငွေများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများနှင့် အဖွဲ့ခေါင်းဆောင်များက လူနာများအားတစ်ဦးချင်းပေးအပ်ကာ အားပေးစကားပြောကြားကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့ငွေဖြင့် နေပြည်တော်ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများသို့ သွားရောက်ကာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ဆေးရုံကြီးသို့ခေါ်ဆောင်၍ ခွဲစိတ်ကုသပေးခဲ့ရာ ယခုအခါ လူနာ ၄၁ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သည်။

ခွဲစိတ်ကုသရန်ကျန်ရှိနေသေးသော လူနာ ၁၇ဦးတို့အား ဆက်လက်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၈–၁–၂၀၀၇ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအေဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ ကူးလူးဆက်သွယ်ချစ်ကြိုးသွယ် (ကရင်၊မွန်)
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြုများ) [ရုက္ခဗေဒ]
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၂၅ ၇။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
- ၁၇:၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၇:၄၅ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သီရိဂေဟာ
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း–၁၄)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း–၄)
- ၁၈။ နောက်တစ်နေ့အစီအစဉ်

မင်းဘူးခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်များမှ အသင်းဝင်ပြီးသူများနှင့် အသင်းမဝင်ရသေးသူ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသက် ၇၅ နှစ်ပြည့်ပြီးသော အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့၍ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်သည်။ အသက်၇၅ နှစ်ပြည့်သူ သက်ကြီးပုဂ္ဂိုလ်များနှင့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ကျောင်းသူ ကျောင်းသားများ၊ အလှူငွေထည့်ဝင်လိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်) ဖုန်း–၇၀၄၇၉၆ နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(တပ်မတော်ရေ–ငြိမ်း) ဖုန်း–၅၇၇၇၄၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူနေကြသည့် လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ခွဲစိတ်ကုသမည့်လူနာများသုံးစွဲရန် ထောက်ပံ့ငွေများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများနှင့် အဖွဲ့ခေါင်းဆောင်များက လူနာများအား တစ်ဦးချင်းပေးအပ်စဉ်။

(သတင်းစဉ်)

ILO နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေသည့်တိုင် အကောင်း
မြန်မာတို့၏ ကိုယ်ပိုင်စွမ်းပကား လုပ်အားဖြင့် ရွှေနိုင်ငံတည်ဆေ

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံအပေါ် ဖိအားပေးအရေးယူရန် အမေရိကန်နှင့် ဗြိတိန်(ဝါရင့်နယ်ချဲ့ ပဂေးနိုင်ငံနှစ်ခု) ပူးတွဲတင်သွင်းသော အဆိုသည် ဇန်နဝါရီ ၁၂ ရက်နေ့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုနှစ်ထပ်ကွမ်း သုံးပြီး ပယ်ချခြင်းကို ခံလိုက်ရပြီဖြစ်သည်။

အမေရိကန်နိုင်ငံက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ရေးအဆိုတွင် မလိုတမာ မမှန်မကန် စွပ်စွဲချက်များပါရှိရာ စွပ်စွဲချက်တစ်ခုမှာ **"အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်နှင့် လည်းကောင်း၊ ယင်း၏ ကိုယ်စားလှယ်များနှင့် လည်းကောင်း အဓမ္မခိုင်းစေမှု တိုက်ဖျက်ရေးတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် မြန်မာအစိုးရအား တောင်းဆိုပါသည်"**ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပေသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ဆိုသည်မှာ ILO ခေါ် International Labour Organizationကို ဆိုလိုခြင်းဖြစ်သည်။ ထိုအဖွဲ့၏ ရည်ရွယ်ချက်မှာ "Aims to promote employment; improve labour conditions and living standards"(အလုပ်အကိုင်နှင့် အလုပ်သမားတို့၏ အခြေအနေများ၊ အလုပ်သမားတို့၏ လူနေမှုအဆင့်အတန်းများ တိုးမြင့်လာစေရန် ရည်ရွယ်သည်)ဟူ၍ ဖြစ်သည်။

အလုပ်သမားတို့ ရရှိသင့်သည့် အခွင့်အရေးများရရှိရန် အလုပ်ခွင်တည်မြဲခွင့်ရရှိရန် ခွင့်ရက်၊ နားရက်၊ ဆေးကုသခွင့်၊ ပညာသင်ခွင့်၊ သင့်တင့်လျောက်ပတ်သော လုပ်ခလစာ ရပိုင်ခွင့်များကို ကမ္ဘာ့အလုပ်သမားများသည် သမိုင်းစဉ်တစ်လျှောက် အသေခံ၊ အနာခံ၊ ညှဉ်းပန်းခံ၊ အလုပ်ပြုတ်ခံပြီး တိုက်ပွဲဝင် တောင်းဆိုခဲ့ကြရသည်မှာ ကမ္ဘာ့အလုပ်သမားသမိုင်း၏ အထင်ကရ သမိုင်းဖြစ်ပါသည်။ ယနေ့တိုင် နိုင်ငံတိုင်း၌ မေလ ၁ ရက်နေ့တွင် အလုပ်သမားနေ့ ကျင်းပကြသည်။ မေလ ၁ရက်နေ့ကျင်းပ၍ မေဒေးဟု လူသိများပါသည်။ အမေရိကန်ပြည်ထောင်စု ချီကာဂိုမှ အလုပ်သမားများ ဆင်နွှဲခဲ့သည့် အလုပ်သမား အခွင့်အရေးတိုက်ပွဲ၏ အမှတ်အသားအဖြစ် မေဒေးကို ကျင်းပကြခြင်းဖြစ်သည်။

အမေရိကန်၊ဗြိတိန်နှင့် ဥရောပအရင်းရှင်နိုင်ငံများတွင် အလုပ်သမားများအပေါ် ဖိနှိပ်မှုများမှာ သမိုင်းကမွည်းတင်ခဲ့ရသည့် အနိဋ္ဌာရုံများဖြစ်သည်။ ဥရောပနယ်ချဲ့နိုင်ငံများ၏ကျူးကျော်သိမ်းပိုက်ခံရသည့် ကမ္ဘာ့မြေပြင်၏ ၇၇ရာခိုင်နှုန်းပေါ်မှ ပြည်သူများ ဖိနှိပ်သွေးစုပ်ခံခဲ့ရသကဲ့သို့ အလုပ်သမားများလည်း ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသည်။ အလုပ်သမား အခွင့်အရေးဟူ၍ မရခဲ့ကြပေ။ နေ့စဉ် နာရီပေါင်း ၁၄ နာရီနှင့်အထက် အလုပ်လုပ်ခဲ့ရပြီး လုပ်အားခ မမျှမတဖြင့် ဆင်းရဲငတ်ပြတ်ခဲ့ကြရသည်။ ထို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားတိုက်ပွဲများ နိုင်ငံတိုင်းလိုလို၌ ဖြစ်ပွားခဲ့သည်။အမေရိကန်နိုင်ငံတွင် အလုပ်သမားသပိတ်များကို ပစ်ခတ် သတ်ဖြတ်ခြင်းဖြင့် ဖြေရှင်းခဲ့သော ဖြစ်ရပ်များကို စာအုပ်ပေါင်းများစွာ၌ တွေ့ရသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝကျရောက်သည့် နှစ်တစ်ရာကျော်အတွင်း အလုပ်သမားတို့၏ အလုပ်ခွင်တိုက်ပွဲများ မပြတ်ဖြစ်ပွားခဲ့သည်။ ရေနံမြေအလုပ်သမား အရေးတော်ပုံကို ပြန်ပြောင်းကြည့်လျှင်ပင် ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့က မည်မျှ ရက်စက်ကြမ်းကြုတ်စွာဖြင့် မြန်မာအလုပ်သမားများကို ဖိနှိပ်ညှဉ်းပန်းခဲ့သည်ကိုတွေ့ရပေမည်။ နယ်ချဲ့ ဗြိတိသျှတို့ထံမှ အလုပ်သမားအခွင့်အရေး တောင်းဆိုမိ၍ ရိုက်နှက်ခံရသော၊ စစ်ပုလိပ်တို့၏ မြင်းနှင့် အတိုက်ခံရသော၊ ထောင်တွင်းဆွဲသွင်းခံရသော သမိုင်းဖြစ်ရပ်များကို ယနေ့ မြန်မာအလုပ်သမားကြီးများ မေ့မရနိုင်ကြ။

ဗြိတိသျှ နယ်ချဲ့အစိုးရက မြန်မာနိုင်ငံတွင် ၁၉၀၆ ခုနှစ်၌ ပြဋ္ဌာန်းကျင့်သုံးသည့် မြို့ဥပဒေ Town Actနှင့် ကျေးရွာဥပဒေ Village Actတို့အရ မြန်မာတို့ အတင်းအဓမ္မ လုပ်အားဆင့်ခေါ်စေခိုင်းခံခဲ့ရသော သမိုင်းကိုလည်း မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ ယနေ့မြန်မာအလုပ်သမားတို့၏ အခွင့်အရေးများ အပြည့်အဝရရှိခံစားနေနိုင်ခြင်းမှာ ၁၉၆၄ခုနှစ် အလုပ်သမားအခွင့်အရေး ကာကွယ်မှုဥပဒေပြဋ္ဌာန်းပေးခဲ့မှုကြောင့် ဖြစ်သည်။

ယနေ့ မြန်မာအလုပ်သမားတို့ နှစ်နှစ်နာနာ ခံစားနေရသည်မှာ အမေရိကန်၊ ဗြိတိန်နှင့် အပေါင်းပါ ဥရောပအရင်းရှင် (ဝါရင့်နယ်ချဲ့) နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ နှောင့်ယှက်မှုဒဏ်ကို ခါးစည်းခံနေရခြင်းဖြစ်သည်။ မြန်မာအထည်ချုပ်စက်ရုံများမှ မြန်မာအလုပ်သမားတို့ ချုပ်လုပ်သော အဝတ်အထည်များကို မဝယ်ယူရန် ပြည်ပရောက် မြန်မာပြည်ပြေးများနှင့် အမေရိကန် CIA တို့ ပူးပေါင်းဖိအားပေးမှု၊ ခြိမ်းခြောက်မှုများပြုလုပ်သဖြင့် အမေရိကန်နှင့် ဥရောပမှဖောက်သည်များက မြန်မာနိုင်ငံချုပ် အဝတ်အထည်များ မဝယ်ရဲကြတော့ချေ။ ဤသို့ဖြင့် အထည်ချုပ်စက်ရုံများစွာ ပိတ်လိုက်ရသည်။ အထည်ချုပ်စက်ရုံမှ အမျိုးသမီးအလုပ်သမား သောင်းချီပြီး အလုပ်လက်မဲ့ဖြစ်ရသည်။

အမှန်ဆိုလျှင် ILO သည် ဤသို့ မြန်မာအလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေအောင် မတော်မတရားပိတ်ဆို့သော အမေရိကန်၊ ဗြိတိန်နှင့် ပြည်ပြေးတို့၏ မသမာသောလုပ်ရပ်ကိုသာ တားမြစ်ပေးသင့်ပေသည်။ ယခုမူ မြန်မာနိုင်ငံအပေါ် အဓမ္မခိုင်းစေမှုဟူသော စွပ်စွဲချက်ဖြင့် ပြဿနာရှာနေခြင်းသာဖြစ်သည်။ အဓမ္မခိုင်းစေမှု Forced Labour ဆိုသော ဝေါဟာရသည် အမေရိကန် ကိုလိုနီလက်သစ်ဝါဒီတို့ တီထွင်ဆန်းသစ် အသုံးပြုလာသော ဝေါဟာရဖြစ်သည်။

ရာစုနှစ်ပေါင်းများစွာ ကမ္ဘာ့နိုင်ငံပေါင်းရာချီပြီး ကျူးကျော်သိမ်းပိုက်ကာ ယင်းကျွန်ပြုခံနိုင်ငံများမှ ပြည်သူတို့၏ လွတ်လပ်မှု၊ လွတ်လပ်စွာ အမျိုးသားအကျိုးစီးပွားဖော်ဆောင်မှုတည်းဟူသော ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ရိုက်ချိုးဖိနှိပ်ခဲ့သည့် ကိုလိုနီဝါဒီ (နယ်ချဲ့သမား)များ၏ပါးစပ်မှ ယနေ့ **"လူ့အခွင့်အရေး"**၊ **"ဒီမိုကရေစီ"**၊ **"လွတ်လပ်စွာကိုးကွယ်မှု"** စသည့် စကားလုံးများကို သုံးနှုန်းကာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုကို နှောင့်ယှက်နေခြင်းမှာ **"သူခိုးကလူလူ"** ဟစ်သည်နှင့်တူနေသည်။

အမေရိကန်နှင့် အပေါင်းပါများသည် ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် ၎င်းတို့ နိုင်ငံသားများ၊ ၎င်းတို့မွေးမြူအသုံးချနေသော ပြည်ပြေးများ၊ အမျိုးသားသစ္စာဖောက်များကို ထိုးသွင်းကာ တစ်စတစ်စ အပိုင်စီးလာကြသည်။ ၎င်းနယ်ချဲ့အုပ်စု၏ အာဘော်ကို အဆိုပါနိုင်ငံတကာအဖွဲ့အစည်း အာဘော်ဖြစ်အောင် ကုလားဖန်ထိုးကာ ၎င်းတို့ မလိုလားသောနိုင်ငံများ၊ အစိုးရများကိုဖယ်ရှားပြီး ၎င်းတို့၏ ဩဇာခံ ရုပ်သေးအစိုးရများဖြင့် အစားထိုးချုပ်ကိုင်ခြယ်လှယ်ရန် အကွက်ချ လုပ်လာကြသည်။ ILO ခေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ကိုလည်း အလားတူ ချုပ်ကိုင် အသုံးချလျက်ရှိနေပေသည်။

အတွက် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်(၁/၉၉)နှင့် ဖြည့်စွက်အမိန့်များတွင် ဖော်ပြပြီး အများပြည်သူများ သိရှိအောင် ဆောင်ရွက်ထားခဲ့သည်။

၁၉၅၅ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ၃၅နှစ်အတွင်း ပြည်တွင်းသောင်းကျန်းသူများကို ရှင်းလင်းခဲ့စဉ်က တပ်မတော်သည် ပြည်သူ့အင်အား ရယူသုံးစွဲခဲ့မှု အထိုက်အလျောက်ရှိခဲ့သည်။ ၁၉၉၀ပြည့်နှစ် နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သဖြင့် ထိုကာလမှစ၍ စစ်ဆင်ရေးကြီးများ မရှိတော့သည့်အပြင် ပြည်သူ့အင်အား ရယူသုံးစွဲသည့် ကိစ္စများလည်း မရှိတော့ပြီဖြစ်သည်။

ILO သည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ၁၉၉၀ မတိုင်မီ ကာလတစ်လျှောက်လုံး တစ်စုံတစ်ရာ ကန့်ကွက်ပြောကြားခြင်း မရှိခဲ့ဘဲ ယခုအချိန်ကာလကျမှ စွပ်စွဲသမှုပြုပြီး ပြဿနာရှာနေကြောင်း သုံးသပ် တွေ့ရှိလာရသည်။ ဤနေရာတွင် မြန်မာနိုင်ငံအပေါ် ယင်းကဲ့သို့ ILO ၏လုပ်ဆောင်ချက်များနှင့် ပတ်သက်နေသော အကြောင်းရင်းခံများကို လေ့လာဆန်းစစ်ရန် လိုအပ်လာသည်။

နိုင်ငံများစွာနှင့် မြန်မာနိုင်ငံတွင် လူမျိုးစရိုက်လက္ခဏာ၊ ရိုးရာယဉ်ကျေးမှု၊ ပကတိ ရင်တွင်းဖြစ် စေတနာဆန္ဒ၊ ဘာသာတရား အဆုံးအမတို့ကြောင့် မိမိတို့၏ ဥစ္စာပစ္စည်းများကို လှူကြသည်။ ဝေမျှပေးကမ်းကြသည်။ တစ်မြေတည်း၊ တစ်ရွာတည်း၊ တစ်ရပ်ကွက်တည်းသားချင်းများ အကျိုးကို မိမိတို့ စေတနာ လုပ်အားဖြင့် ဆောင်ရွက်ကြသည်။ လုပ်အားဒါနဖြစ်သည်။ ရွာထဲ ရပ်ထဲ၌ အိမ်

...တွင်

...ကျန်း
...စွဲခဲ့မှု
...သား သမားများက ...
...တွင်း လမ်းကြောင်းကို ...
...ဆင် အသုံးပြုပြီး မြန်မ...
...များ နှောင့်ယှက်လာ...

စက်ရုံ၊ အ...
...ကာလ စသည်တို့တွင် ...
...ချိန် ကျောက်ခဲစား၊ ...
...လာရ များ ကျေနပ်လေ...
...ဆောင် လို၍ လည်းကော...
...စ်ရန် ဖြစ်သည်။

အမေရိက...
...မှု၊ **တွင် ဘာတစ်ခု...**
...မိမိ **ဝင်ငွေမရှိဖြစ်ကာ...**
...ည်း၊ **တွင် ၎င်းတို့၏ ရ...**
...နာ **မည်။ ဤသည်မှ...**
...အိမ် **ဖြစ်သည်။**

> **အမေရိကန်နှင့် အပေါင်းပါများသည် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖ...**
> **အဖွဲ့အစည်းများတွင် ၎င်းတို့ နိုင်ငံသားများ၊ ၎င်းတို့မွေးမြူအသုံးချနေသော ပြည်ပြေး...**
> **များကိုထိုးသွင်းကာ တစ်စတစ်စ အပိုင်စီးလာကြသည်။ ၎င်းနယ်ချဲ့အုပ်စု၏ အာဘေ...**
> **အဖွဲ့အစည်း အာဘော်ဖြစ်အောင် ကုလားဖန်ထိုးကာ ၎င်းတို့ မလိုလားသောနိုင်ငံမျ...**
> **၎င်းတို့၏ ဩဇာခံ ရုပ်သေးအစိုးရများဖြင့် အစားထိုးချုပ်ကိုင်ခြယ်လှယ်ရန် အ...**
> **ILO ခေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ကိုလည်း အလားတူ ချုပ်ကိုင် အ...**

ILO သည် ယခုမှ ပေါ်လာသည်မဟုတ်။ ၁၉၂၉ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ကြီး ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီး ၁၉၄၅ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် တည်ထောင်ပြီးချိန်၌ ကုလသမဂ္ဂနှင့် ဆက်သွယ် ဆောင်ရွက်သောအဖွဲ့ ဖြစ်လာသည်။ ကိုလိုနီခေတ် နိုင်ငံတကာမှ အလုပ်သမားများ နယ်ချဲ့ဖိနှိပ်မှုဒဏ် သွေးမြေကျ ငတ်ပြတ်သည်အထိ ခံနေရပုံကို သက်တော်ရှည် အလုပ်သမားအဖွဲ့ကြီးဖြစ်သည့် ILO ကိုယ်တိုင် တွေ့မြင်ခဲ့ သိခဲ့ရပြီး ဖြစ်သည်။ ထိုစဉ်က ILO ကို မျက်ကွယ်ပြုပြီး အလုပ်သမားများကို ညှဉ်းပန်းနှိပ်စက် ခေါင်းပုံဖြတ် အမြတ်ထုတ်ခဲ့သော နယ်ချဲ့ကြီးများက ယနေ့ ILOကို အသုံးချလာနေခြင်းကို ILO သည် သတိပြု ဆင်ခြင်သင့်ပေသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် မေလ ၁၈ရက်နေ့တွင် ILOသို့ ဝင်ရောက်ခဲ့သည်။ ILO က ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များအနက် ၁၉ခုကို လက်ခံကျင့်သုံးလျက်ရှိသည်။ ILO ဖွဲ့စည်းပုံအရ နှစ်စဉ် အစီရင်ခံစာများကိုလည်း အချိန်မှန်မှန် ပေးပို့ခဲ့သည်။ ILOကျွမ်းကျင်သူပညာရှင်အဖွဲ့က မေးမြန်းသမျှ အချက်အလက်များကိုလည်း ဖြေကြားမှု ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးခြင်း မပြုရသေးသော ILO ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍လည်း နှစ်စဉ်အစီရင်ခံစာများ ပေးပို့ခဲ့သည်။ ILO ညီလာခံများကိုလည်း ကိုယ်စားလှယ်များ စေလွှတ်ပြီး နှစ်စဉ်တက်ရောက်ခဲ့သည်။

ILOက အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်(၂၉)ကို ၁၉၃၀ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ယင်းပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံက ၁၉၅၅ခုနှစ် မတ်လတွင် လက်ခံကျင့်သုံးခဲ့သည်။ ယင်းပြဋ္ဌာန်းချက်တွင် အဓမ္မခိုင်းစေခြင်း မသက်ရောက်သည့် အလုပ်အမျိုးအစားများကိုလည်း အတိအလင်း ဖွင့်ဆိုထားသည်။ ပြဋ္ဌာန်းချက်ပါ အချက်များအားလုံးကို လိုက်နာဆောင်ရွက်ပြီး အဓမ္မခိုင်းစေမှု မပြုစေရန်

တစ်အိမ်ပြင်ဆောက်လျှင်၊ ခေါင်မိုး အသစ်လဲလျှင် တစ်အိမ်တစ်ယောက်ထွက်လာကြသည်။ လုပ်အားဖြင့် ကူညီကြသည်။ အချို့မှာ မိမိအိမ်တွင် ပိုနေသော လျှော်စည်းကိုယူလာပြီး အိမ်ခေါင်မိုးရာ၌ သုံးလိုက်ကြသည်။

ရွာလမ်း၊ ရပ်ကွက်လမ်း၊ မြို့လမ်းကို စုပေါင်းခင်းကြသည်။ စုပေါင်းပြင်ကြသည်။ ဘုရားပုထိုး ကျောင်းကန်ဆောက်လျှင် လုပ်အား ဝိုင်းလှူကြသည်။ ရပ်ရွာရေရရှိရေးအတွက် ရေတွင်းတူး၊ ကန်တူးလျှင် အိမ်မှ ပေါက်တူး၊ပေါက်ပြား၊ တူရွင်းများ ဆွဲထွက်လာပြီး တပျော်တပါး လုပ်အားပေးကြသည်။ ချိုင့်တွေ့လျှင် ဝိုင်းဖို့၊ ချောက်၊ လျှို၊ ချောင်းမြောင်းများ လမ်းပေါ်၌ရှိနေလျှင် ဝါးတံတား၊ သစ်သားတံတား အတူဆောက်လုပ်ကြသည်။

ဤသို့သော ချစ်စရာ မြန်မာတို့၏ ဖြူစင်သော စေတနာလုပ်အား၏ တန်ဖိုးကို မသိကျိုးကျွန်ပြုကာ အတင်းအဓမ္မလုပ်အားပေးခိုင်းသည်ဟု အမေရိကန်နှင့်အပေါင်းပါများက စွပ်စွပ်စွဲစွဲ လုပ်လာကြသည်။ သူတို့ဆီမှာ ဤကဲ့သို့သော အချင်းချင်း ရိုင်းပင်းကူညီသော စေတနာလုပ်အားပေးမှုမျိုး မရှိပေ။ အမှန်မှာ မြန်မာသာမက အာရှသားအားလုံးတွင် ဤစေတနာ ကူညီရိုင်းပင်းမှု လုပ်အား၊ ပရဟိတလုပ်အားများရှိကြသည်။ ဤသည်မှာ အာရှ၏တန်ဖိုး(Asian Value) ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံ၌ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်အောင်မြင်လျက်ရှိသည်။ လမ်းဟောင်းပြင်၊ လမ်းသစ်ဖောက် မိုင်ပေါင်းထောင်သောင်းချီလေပြီ။ တံတားကြီး၊ တံတားငယ် ထောင်သောင်းချီလေပြီ။ ဆည်တမံ ရာချီလေပြီ။ စာသင်ကျောင်းအဆင့်စုံ၊ ဆေးရုံဆေးခန်းအဆင့်စုံ ပြည်ထောင်စုတစ်ဝန်း၌ ဖြစ်ထွန်းလာခဲ့ပြီ။ ဆည်ကြီးများတည်ရင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများပါ တွဲဖက်ဆောက်လုပ်နိုင်ခဲ့သည်။ ဤသို့ဖွံ့ဖြိုးတိုးတက်လာမှုကို မရှုဆိတ်နိုင်သည့် အနောက်ကိုလိုနီအုပ်စုနှင့် ပြည်တွင်းပြည်ပ အဖျက်

စေတနာမှ...
တစ်ဝန်းလုံး ဖွံ့...
ငြိမ်းချမ်းရေးရပြီ...
ကျောက်မျက်ရတ...
မြန်မာ့ကမ်းလွန်...
ကမ်းလွန် ရတနာ...
ထွက်လာသော ...
ဝယ်ယူသည်။ ...
ဓာတ်ငွေ့ပိုက်လို...
တနင်္သာရီ...
သဘာဝဓာတ်ငွေ...
ပြည်တွင်းမှ NL...
ပြီ၊ သစ်တောပြု...
ခိုင်းစေနေသည်၊ ...
ချက်များမှာ တစ်...
သစ်တောပျိုးခင်း...
ခနိမိုး၊ အင်ဖက်မ...
လျှင် စနစ်တကျ...
စာသင်ကျောင်း၊ ...
လုပ်ကြရ၍ လုပ်...
ထိုအခါ ...
တရားရုံး၌ တရာ...
ရှင်းလင်းနိုင်ခဲ့၍ ...

အကောင်းမမြင်သော်ပြား
င်တည်ဆောက်သွားမည်

မောင်မှတ်ကျောက်

က်အမိန့်များတွင်
သည်။
ွင်းသောင်းကျန်း
ား ရယူသုံးစွဲခဲ့မှု
် တိုင်းရင်းသား
ဒေဘောင်အတွင်း
လမှစ၍ စစ်ဆင်
စွဲသည့် ကိစ္စများ

မတိုင်မီ ကာလ
ခဲ့ဘဲ ယခုအချိန်
ပ် တွေ့ရှိလာရ
O ၏လုပ်ဆောင်
ဲ့လာဆန်းစစ်ရန်

ရိုးရာယဉ်ကျေးမှု၊
မတို့ကြောင့် မိမိ
။ တစ်မြေတည်း၊
မိမိတို့ စေတနာ
ထဲ ရပ်ထဲ၌ အိမ်

သမားများက အဓမ္မခိုင်းစေသည်ဟူသော စွပ်စွဲချက်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို ပိတ်ဆို့နေခြင်းဖြစ်သည်။ အလုပ်သမားတို့၏ လုပ်အားကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး တည်ဆောက်မှုများ ဆက်မလုပ်သာအောင် နှောင့်ယှက်လာခြင်းသာ ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာန၊ ကုမ္ပဏီ၊ ဖက်စပ်တည်ဆောက်ရေးလုပ်ငန်း စသည်တို့တွင် လုပ်ခလစာ တစ်ပြားမျှမရဘဲ မည်သည့် အလုပ်သမားက ကျောက်ခဲစား၊ မြေကြီးစားပြီး အခမဲ့ လုပ်အားပေးပါမည်နည်း။ လုပ်ခလစာများ ကျေနပ်လောက်အောင် ရ၍လည်းကောင်း၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေလို၍ လည်းကောင်း တပျော်တပါး လုပ်အားကိုယ်စီဖြင့် လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

အမေရိကန်က သူတို့ဩဇာမခံသော လက်ရှိတပ်မတော်အစိုးရ လက်ထက်တွင် ဘာတစ်ခုမျှ တိုးတက်မလာစေလိုပေ။ မြန်မာပြည်သူများ အလုပ်မရှိ၊ ဝင်ငွေမရှိဖြစ်ကာ ဆင်းရဲငတ်ပြတ်စေလိုသည်။ သို့မှသာ လက်ရှိအစိုးရနေရာတွင် ၎င်းတို့၏ ရုပ်သေးအစိုးရတက်လာကာ မြန်မာနိုင်ငံ ၎င်းတို့လက်ထဲရောက်မည်။ ဤသည်မှာ အမေရိကန်နှင့် အပေါင်းပါတို့ စွပ်စွဲသမျှ၏ ရည်ရွယ်ချက် ဖြစ်သည်။

လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ
နသော ပြည်ပြေးများ၊ အမျိုးသားသစ္စာဖောက်
ချဲ့အုပ်စု၏ အာဘော်ကို အဆိုပါ နိုင်ငံတကာ
လားသောနိုင်ငံများ၊ အစိုးရများကိုဖယ်ရှားပြီး
ခြယ်လှယ်ရန် အကွက်ချ လုပ်လာကြသည်။
လားတူ ချုပ်ကိုင် အသုံးချလျက်ရှိနေပေသည်။

စ်ယောက်ထွက်
်တွင် ပိုနေသော
။

သည်။ စုပေါင်း
ိုင်းလှူကြသည်။
်တူး၊ပေါက်ပြား၊
ည်။ ချိုင့်တွေ့လျှင်
ျှင် ဝါးတံတား၊

တနာလုပ်အား၏
ည်ဟု အမေရိကန်
ဆိုမှာ ဤကဲ့သို့
ပေးမှုမျိုး မရှိပေ။
ာ ကူညီရိုင်းပင်းမှု
၏တန်ဖိုး (Asian

ပ်ကိုင်အောင်မြင်
င်းထောင်သောင်း
ဆည်တမံ ရာချီ
ပြည်ထောင်စု
ရေအားလျှပ်စစ်
သို့ဖွံ့ဖြိုးတိုးတက်
င်းပြည်ပ အဖျက်

စေတနာမှန်သော ကံတရားဟူသော ဆိုရိုးစကားအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးသော စေတနာကြောင့် ပြည်တွင်းငြိမ်းချမ်းရေးရပြီး ဘက်ပေါင်းစုံ၌ အံ့မခန်းတိုးတက်ဖွံ့ဖြိုးလာသည်။ အဖိုးတန်ကျောက်မျက်ရတနာများမှာ တူးလို့မကုန်၊ ဖော်ယူလို့မဆုံး ပေါကြွယ်လှသည်။ မြန်မာ့ကမ်းလွန်တွင် သဘာဝဓာတ်ငွေ့များ စီးပွားဖြစ် ထွက်ရှိလာသည်။ မုတ္တမကမ်းလွန် ရတနာဓာတ်ငွေ့တွင်းများမှ ဓာတ်ငွေ့များ အလျှံပယ်ထွက်လာသည်။ ထွက်လာသော ဓာတ်ငွေ့များကို စွမ်းအင်အထူးလိုအပ်နေသည့် ထိုင်းနိုင်ငံက ဝယ်ယူသည်။ ဝယ်သမျှကို သယ်ရလွယ်အောင် တနင်္သာရီဒေသမှ ဖြတ်ပြီး ဓာတ်ငွေ့ပိုက်လိုင်း သွယ်ပေးသည်။

တနင်္သာရီတိုင်း ထားဝယ်နှင့် မလှမ်းမကမ်းမှ အရှေ့အနောက်ဖြတ်ပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမည်ဆိုသည်နှင့်ပင် ပြည်ပြေးများ၊ ပြည်တွင်းမှ NLD နှင့် အမေရိကန်တို့က သဘာဝပတ်ဝန်းကျင်တွေ ပျက်ကုန်ပြီ၊ သစ်တောပြုန်းကုန်ပြီ၊ မိုးလေဝသဖောက်ပြန် ဒုက္ခပေးတော့မည်၊ အဓမ္မခိုင်းစေနေသည်၊ ကျေးရွာများကို အဓမ္မရွှေ့ပစ်နေပြီဟု စွပ်စွဲသည်။ ယင်းစွပ်စွဲချက်များမှာ တစ်ပြားသားမှ မမှန်ပေ။ ပိုက်လိုင်းမလွတ်သောသစ်ပင် ခုတ်သည်။ သစ်တောပျိုးခင်းသစ်များ အဆများစွာ စိုက်ပျိုးပေးသည်။ သက်ငယ်မိုး၊ ဓနိမိုး၊ အင်ဖက်မိုး တဲအိမ်များစုနေသော ရွာများကို ပိုက်လိုင်းမလွတ်၍ ရွှေ့ရလျှင် စနစ်တကျ အကွက်ချပြီး ပိုမိုအဆင့်မြင့်သော အိမ်များ ဆောက်ပေးသည်။ စာသင်ကျောင်း၊ ဆေးခန်းများပါ အပိုဆောက်ပေးခဲ့သည်။ တောထဲတောင်ထဲ လုပ်ကြရ၍ လုပ်အားခကို ပိုမို တိုးမြှင့်ပေးခဲ့သည်။

ထိုအခါ ရေနံကုမ္ပဏီများကို ပြည်ပြေးများနှင့် CIA က အမေရိကန် တရားရုံး၌ တရားစွဲသည်။ ကုမ္ပဏီများက သက်သေသက္ခာယ ခိုင်လုံစွာ ချေပရှင်းလင်းနိုင်ခဲ့၍ အမှုများပြေငြိမ်းသွားသည်။ ထိုအခါ နယ်စပ်နှင့်နီးသော ဓာတ်ငွေ့ပိုက်လိုင်းကို အပေါင်းပါ အကြမ်းဖက်အဖျက်သမားများက ဖောက်ခွဲဖျက်ဆီးခဲ့ကြသဖြင့် အကြိမ်ကြိမ် ပြင်ခဲ့ရသည်။ ဤမြန်မာ့ဓာတ်ငွေ့များကို မဝယ်ရန် ပြည်ပြေးများနှင့် CIA ကြေးစားများက ထိုင်းနိုင်ငံကို ကန့်ကွက်ကြသည်။ ၎င်းတို့၏ မှုမမှန်သော တောင်းဆိုချက်ကို ထိုင်းနိုင်ငံက လက်မခံ။ ထိုသို့ အမေရိကန်နှင့်၎င်းတို့၏ လက်ပါးစေ ပုဆိန်ရိုး ပြည်ပြေးများ စွပ်စွဲသမျှတွင် အမှန်တစ်ခုမျှမပါ။ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့မှ ဝင်ငွေများစွာရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများ တိုးပွားမလာရန် တမင်သက်သက် အကွက်ဆင်ပြီး ဟန့်တားနှောင့်ယှက်ခြင်းသာ ဖြစ်သည်။

အမေရိကန်က ပြည်ပြေးများကို လူရာသွင်းပြီး ကုလသမဂ္ဂညီလာခံ တက်ခွင့်ရအောင်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးညီလာခံ တက်ခွင့်ရအောင် ၎င်း၏အရှိန်အဝါသုံးပြီး လုပ်ပေးထားသည်။ အစိုးရဌာနပိုင် ငွေကြေးအလွဲသုံးစားလုပ်ပြီး ထွက်ပြေးသွားသော ပြည်ပြေးဝရမ်းပြေး ပြည်သစ်ညွန့်ဝေကို FTUB ခေါ် မြန်မာနိုင်ငံလွတ်လပ်သော အလုပ်သမားသမဂ္ဂအမည်ဖြင့် ငွေကြေးထောက်ပံ့ ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုများ ရှိနေသည်ဟူ၍ လုပ်ကြံဖန်တီးစေကာ ILO ကို တိုင်ကြားခိုင်းသည်။ ILO အတွင်း ဝင်ဆံ့ ခြေရှုပ်နိုင်အောင် လုပ်ပေးထားသည်။ စင်စစ် ILO သည် အစိုးရကိုယ်စားလှယ်၊ နိုင်ငံတွင်း၌ ဥပဒေနှင့်အညီ ရပ်တည်နေသော အလုပ်ရှင် ကိုယ်စားလှယ်နှင့် အလုပ်သမား ကိုယ်စားလှယ်များကို သုံးလွန်းတင် စုစည်းဖွဲ့စည်းဆောင်ရွက်သော အဖွဲ့ဖြစ်သည်။ ပြည်သစ်ညွန့်ဝေ၏ FTUB အဖွဲ့တွင် ဥပဒေပြင်ပမှ ဝရမ်းပြေး၊ ပြည်ပြေး နယ်ချဲ့ကြေးစားလက်တစ်ဆုပ်စာသာ ပါရှိသည်။ FTUB သည် မည်သည့် မြန်မာအလုပ်သမားကိုမျှ ကိုယ်စားမပြုချေ။

ဤအနေအထားများကို ကြည့်လျှင်ပင် **အမေရိကန်နှင့် ပြည်ပြေးများ၏ မလိုတမာ စွပ်စွဲချက်ကို ILO က လက်ခံအတည်ပြုပြီး မြန်မာ့ ပကတိအခြေအနေမှန်ကို လျစ်လျူရှုကာ တစ်ဖက်သတ် ပြဿနာလုပ်နေခြင်းသာ ဖြစ်ကြောင်း ထင်ရှားနေသည်။**

မြန်မာနိုင်ငံသည် အလုပ်သမားရေးရာကိစ္စများတွင် ILO နှင့် အစဉ်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ILO က မြန်မာနိုင်ငံအပေါ် စွဲဆိုနေသော စွပ်စွဲချက်များကို မည်သည့်နေရာက ရရှိကြောင်း ILO က ဖော်ပြဖူးသည်။ နယ်စပ်တစ်လျှောက် (အထူးသဖြင့် တစ်ဖက်နိုင်ငံ အခြေစိုက်) ပြည်ပြေးများထံမှ ရရှိကြောင်းနှင့် ပြည်သစ်ညွန့်ဝေ၏ FTUB မှ ရရှိကြောင်း ဝန်ခံခဲ့သည်။

ပြည်ပြေးများအား မည်သူက ကျွေးမွေးသုတ်သင် ထောက်ပံ့သိမ်းသွင်းအသုံးချနေကြောင်းကို ၁၉၉၆ခုနှစ်မှ အင်တာနက် သတင်းတစ်ပုဒ်ဖြင့် အကျဉ်းချုပ်၍ သက်သေပြပါရစေ။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်၏ ငွေကြေးသုံးစွဲခွင့်ဖြင့် အမေရိကန်နိုင်ငံခြားရေးဌာနသည်–

(၁) BDHRL – ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာအဖွဲ့အစည်း (The Bureau of Democracy, Human Rights and Labour)

(၂) USAID – နိုင်ငံတကာဖွံ့ဖြိုးရေးအတွက် အမေရိကန် အေဂျင်စီ (US Agency for International Development)

(၃) BPRM – လူအင်အား၊ ဒုက္ခသည်နှင့် ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ အဖွဲ့အစည်း (The Bureau of Population, Refugees and Migration)

(၄) NED – ဒီမိုကရေစီရေးဆိုင်ရာ အမျိုးသားရန်ပုံငွေအဖွဲ့ (National Endowment for Democracy) (အမေရိကန်တွင် အခြေစိုက်သော အစိုးရမဟုတ်သည့်အဖွဲ့အစည်း NGO အမည်ခံ၊ နိုင်ငံရေးပွဲစားအဖွဲ့)

(၅) IRC–အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီ (International Rescue Committee)

(၆) WCDO – ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း (World Concern Development Organization)

(၇) AAFLI– အာရှ–အမေရိက လွတ်လပ်သော အလုပ်သမားအဖွဲ့အစည်း (Asian American Free Labour Institute)

(၈) CIPE–အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းများနှင့် သက်ဆိုင်သော ဗဟိုဌာန (Center for International Private Enterprise)

(၉) NCD–ဒီမိုကရေစီရေးအတွက် အမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ (National Coalition for Democracy)

(၁၀) NEJ–ပြည်ပြေးများ၏ခေတ်ပြိုင်ဂျာနယ် (New Era Journal) (ပြည်ပြေး CRDB တင်မောင်ဝင်း၊ ကြေးမုံဦးသောင်း အောင်ဗလတို့ဦးစီးပြီး ထိုင်းနိုင်ငံတွင် ရိုက်နှိပ်ထုတ်ဝေသော ပြည်ပြေးစာစောင်ဖြစ်သည်။)

(၁၁) NCGUB–ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်း အစိုးရ (National Coalition Government of the Union of Burma) (ဒေါ်စုကြည်၏ အစ်ကိုဝမ်းကွဲ ပြည်ပြေးစိန်ဝင်း ဦးစီးဖွဲ့သော ပြည်ပြေးတရားမဝင်အစိုးရ)နှင့်

(၁၂) NCUB – ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (National Council of the Union of Burma) (KNU နှင့် ပြည်ပြေးစိန်ဝင်းတို့ တစ်ဖက်နိုင်ငံတွင် ပူးပေါင်းဖွဲ့စည်းထားသော သောင်းကျန်းမှု ပူးပေါင်းကောင်စီ) တို့ကို ငွေကြေးထောက်ပံ့ထားသည်။

ယင်းအဖွဲ့များအားလုံးကို အမေရိကန် CIA က ကွပ်ကဲသည်။ ၁၉၉၆ခုနှစ်တွင် ၎င်းအဖွဲ့များရရှိသော အမေရိကန်၏ထောက်ပံ့ငွေများမှာ–

BDHRL	–	ဒေါ်လာ ၂ ဒသမ ၃၈ သန်း
NED	–	ဒေါ်လာ ၁၀၇၉၀၀၀
IRC	–	ဒေါ်လာ ၄၅၀၀၀၀
WCDO	–	ဒေါ်လာ ၄၅၀၀၀၀
AAFLI	–	ဒေါ်လာ ၄၀၀၀၀၀
CIPE	–	ဒေါ်လာ ၄၀၀၀၀၀
NCD	–	ဒေါ်လာ ၁၆၅၄၀၀
NEJ	–	ဒေါ်လာ ၁၃၄၇၈၆
NCGUB	–	ဒေါ်လာ ၅၅၀၀၀ နှင့်
NCUB	–	ဒေါ်လာ ၁၁၀၄၀၀ ဖြစ်သည်။

ထိုစာရင်းမှာ ၁၉၉၆ ခုနှစ် အထိသာ ဖြစ်သေးသည်။ နောင်နှစ်များတွင် အမေရိကန်က ပြည်ပြေးထောက်ပံ့ကြေးများကို တိုးမြှင့်ပေးအပ်ခဲ့သည်။

အထက်ဖော်ပြပါ CIA ကြိုးကိုင်အဖွဲ့များက မြန်မာပြည်ပြေး အဖွဲ့အစည်းများဖြစ်သည့်–

(၁) NLD(LA) ခေါ် အင်န်အယ်လ်ဒီ လွတ်မြောက်နယ်မြေအဖွဲ့

(၂) မြန်မာနိုင်ငံ မြေအောက် အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ (Burma Underground Rights Movement for Action)

(၃) မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးရေးသဟာယအဖွဲ့ (Associates to Develop Democratic Burma ခေါ် ADDB)

(၄) အမေရိကန်မိတ်ဆွေများ၏ မြန်မာ့ဒီမိုကရေစီ ထွန်းကားရေးအဖွဲ့ (American Friends of Democracy in Burma) မှတစ်ဆင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (Democratic Alliance of Burma ခေါ် DAB)

(၅) မြန်မာနိုင်ငံပြည်သူများအတွက် လူ့အခွင့်အရေးအဖွဲ့ (Human Rights for the People of Burma) မှတစ်ဆင့် ဒီမိုကရက်တစ်မြန်မာ့အသံ (Democratic Voice of Burma ခေါ် DVB အမည်ခံ နော်ဝေနိုင်ငံ အော့စလိုမြို့ရှိ မြန်မာပြည်ပြေးများအတွက် CIA က ထောင်ပေးထားသော အသံလွှင့်လုပ်ငန်း)

(၆) ကရင်လူငယ်အဖွဲ့ (Karen Youth Organization ခေါ် KYO)

(၇) မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ (Burma Action Group ခေါ် BAG)

(၈) ကနေဒါ–မြန်မာလုပ်ငန်းအုပ်စု (Canada Burma Working Group ခေါ် CBWG)

(၉) မြန်မာနိုင်ငံဒီမိုကရေစီ ဖွံ့ဖြိုးရေးအသင်း (The Association to Develop Democratic Burma ခေါ် ADDB)

(၁၀) အာရှတိုင်းရင်းသားများ စာချုပ်အဖွဲ့ (Asia Indigenous Peoples Pact ခေါ် AIPP) ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာ၊ အိန္ဒိယ၊ နီပေါ၊ အရှေ့တီမောနှင့် တိုင်ဝမ်ရှိ တိုင်းရင်းသားများ ပူးပေါင်းစာချုပ်အဖွဲ့။

(၁၁) ကနေဒါ–မြန်မာမိတ်ဆွေများအဖွဲ့ (Canadian Friends of Burma ခေါ် CFOB)

(၁၂) မြန်မာ့အရေးအဖွဲ့ (Burma Issues)

(၁၃) မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်ရှင်သန်ရေး၊ နိုင်ငံတကာ ညီလာခံကျင်းပရေးကော်မတီ (Convening Committee of International Convention for the Restoration of Democracy in Burma)

(၁၄) ပြည်ထောင်စုမြန်မာနိုင်ငံ အလုပ်သမားအဖွဲ့ချုပ် (Federation of Trade Unions Burma ခေါ် FTUB) စိန်ဝင်းသြဇာခံ ပြည်သစ်ညွန့်ဝေအဖွဲ့။

(၁၅) ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း (Shan Human Rights Foundation) နှင့်

(၁၆) မြန်မာနိုင်ငံရှေ့နေများကောင်စီ (Burma Lawyers Council) ပြည်ပြေးရှေ့နေများအဖွဲ့တို့အား ထောက်ပံ့လျက်ရှိသည်။

USAID, NED, BDHRL, IRC, WCDO, NCD, AAFLI, CIPE တို့မှတစ်ဆင့် အမေရိကန်နိုင်ငံခြားရေးဌာနက ၁၉၉၀ပြည့်နှစ်မှစ၍ ယနေ့တိုင် ၎င်းပြည်ပြေးအဖွဲ့များအား နှစ်စဉ် တိုး၍တိုး၍ ထောက်ပံ့လျက်ရှိသည်။ တစ်ဖွဲ့လျှင် နှစ်စဉ်ဒေါ်လာ သောင်းသိန်းချီ၍ ပေးကမ်းထားသည်။ မြန်မာနိုင်ငံအတွင်းရှိ အနောက်မျှော်စာပေနယ်မှ ပုဂ္ဂိုလ်အချို့နှင့် နိုင်ငံရေးသမားအချို့ကိုလည်း ဆုကြေး၊ ထောက်ပံ့ကြေးများ ပေးကမ်းထားသည်။

ဤသို့ အမေရိကန်က ထောက်ပံ့ပေးကမ်းမွေးမြူထားသော ပြည်ပြေးများအဖို့ အမေရိကန်ခိုင်းသမျှ မလုပ်လျှင် မဖြစ်နိုင်တော့ပေ။ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲနိုင်ရန်အတွက် အမေရိကန်နှင့် အပေါင်းပါများအလိုကျ မမှန်ကန်သော၊ လုပ်ကြံဖန်တီးထားသော သတင်းမှားများကိုသာ ပုံသွင်းပုံဖျက်ပြီး ပေးပို့နေကြသည်။ ထို့ကြောင့် အမေရိကန်နယ်ချဲ့အုပ်စုအသံ၊ ပြည်ပြေးတို့အသံ၊ ပြည်တွင်းမှ နယ်ချဲ့အထောက်အပံ့ခံ ပုဆိန်ရိုးများ လေသံတစ်သံတည်း ထွက်နေသည်မှာ ဆန်းသည်ဟု မဆိုနိုင်တော့ပါ။

ထို့ကြောင့် အမေရိကန်နှင့် ဗြိတိန်တို့က အဓမ္မခိုင်းစေမှု တိုက်ဖျက်ရေးတွင် ILO နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံအား တောင်းဆိုနေခြင်းသည် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်နေခြင်းဖြစ်ကြောင်း ပေါ်လွင် ထင်ရှားလျက်ရှိသည်။ မြန်မာနိုင်ငံက ILO နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေသည့်တိုင် အမေရိကန်နှင့် အပေါင်းပါများက မတင်းတိမ်အားမရနိုင်ဘဲ ဆီလိုအပေါက်ရှာ ပြဿနာရှာနေဦးမည်သာဖြစ်သည်။ မည်သို့ပင် ရှိစေကာမူ မြန်မာတို့၏ ကိုယ်ပိုင်စွမ်းပကား လုပ်အားများဖြင့် မြန်မာနိုင်ငံကို ရွှေနိုင်ငံအဖြစ် ဆက်လက်တည်ဆောက်သွားမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲမှုများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို နှိုင်းယှဉ်လေ့လာခြင်း(၃)

စာဖတ်သူတစ်ဦး

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခဲ့ရာတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သောအကြောင်းပြစွပ်စွဲမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့၏ အကြောင်းပြစွပ်စွဲမှုများသည် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများသာဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင်သိရှိနိုင်–

မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ် အရေးယူဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းတဲ့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ မြန်မာနိုင်ငံအတွင်း လူမှောင်ခို လူကုန်ကူးမှုကိစ္စနဲ့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုဟာ နိုင်ငံနယ်နိမိတ်ကိုကျော်လွန်ပြီး အန္တရာယ်ဖြစ်ပေါ်လာနိုင်စေတယ်လို့ မမှန်မကန်အကြောင်းပြ စွပ်စွဲခဲ့ပါတယ်။

၎င်းတို့အကြောင်းပြစွပ်စွဲတဲ့ လူမှောင်ခို လူကုန်ကူးမှုကိစ္စနဲ့ ကြက်ငှက်တုပ်ကွေးရောဂါကို မြန်မာနိုင်ငံအတွင်း ကင်းစင်ပပျောက်အောင် ဘယ်လိုကြိုးပမ်းအားထုတ် လုပ်ဆောင်ခဲ့တယ်။ လုပ်ဆောင် နေတယ်ဆိုတာ လေ့လာဆန်းစစ်ကြည့်ရင် အဲဒီအကြောင်းပြစွပ်စွဲမှုတွေဟာ မဟုတ်မမှန် လုပ်ကြံဖန်တီးထားတာဖြစ်ကြောင်း သိရှိနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ မမှန်မကန်လုပ်ကြံစွပ်စွဲမှုနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန် ဖြစ်ရပ်မှန်များ၊ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်နေမှုများကို နှိုင်းယှဉ်လေ့လာသိရှိနိုင်ဖို့ ဆက်လက်မှတ်တမ်းပြု တင်ပြလိုက်ပါတယ်။

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၃။	မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုမှု၊ ကြက်ငှက်တုပ်ကွေး၊ HIV၊ AIDS ကိစ္စများသည် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ အန္တရာယ်ဖြစ်ပေါ်လာနိုင်စေသည်။	**ကြက်ငှက်တုပ်ကွေးရောဂါကိစ္စ။** * လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများကို လက်ဦးမှုရရှိဆောင်ရွက်နိုင်ရန် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ * ၂၀၀၆ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းရှိ မြို့နယ် (၁၃)မြို့နယ်အတွင်း ရောဂါကျရောက်ဖြစ်ပွားခဲ့သည်။ * ရောဂါဖြစ်ပွားသော ကြက်ခြံ၊ ငုံးခြံ ၅၄၅ ခြံနှင့် ကြက်ကောင်ရေ ၆ ဒသမ ၅ သိန်း၊ ကြက်ဥ ၁ ဒသမ ၈ သိန်းကို သုတ်သင်ဖျက်ဆီးခဲ့သည်။ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းမှု ဆောင်ရွက်ခဲ့သည်။ * ရောဂါဖြစ်ပွားမှု ဓာတ်ခွဲခန်းအဖြေရရှိသည်နှင့်တစ်ပြိုင်တည်း OIE၊ FAO၊ WHO စသည့် နိုင်ငံတကာအဖွဲ့အစည်းများသို့ သတင်းပေးပို့ခဲ့သည်။ * ရောဂါဖြစ်ပွားရာ မြို့နယ်များသို့ ၂၄ နာရီအတွင်း ကွင်းဆင်းပြီး အချိန်မီထိန်းချုပ်နိုင်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ * ကြက်ငှက် ထိတွေ့ကိုင်တွယ်သူများအနက် နာမကျန်းဖြစ်သူ ၁၀ ဦးတွေ့ရသဖြင့် ဓာတ်ခွဲနမူနာများကို ဂျပန်နိုင်ငံရှိ ရောဂါအတည်ပြုဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်မှုပြုခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါမဟုတ်ကြောင်း အတည်ပြုချက်ရရှိခဲ့သည်။ * ရောဂါဖြစ်ပွားလာပါက လူနာများကို စနစ်တကျ ထိရောက်စွာကုသနိုင်ရေးအတွက် ဆေးရုံများတွင် သီးသန့်လူနာဆောင်များ စီစဉ်ထားရှိခဲ့သည်။ * ရောဂါ အကာအကွယ်ပစ္စည်း၊ ဗိုင်းရပ်စ်ပိုးသတ်ဆေးဝါးနှင့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းများကို ရောဂါဖြစ်ပွားရာနေရာများသို့ ဖြန့်ဖြူးပေးခဲ့သည်။ * ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၆ ခုနှစ် ဧပြီလ ၆ ရက်နေ့မှစပြီး ကြက်ခြံများတွင် ရောဂါဖြစ်ပွားမှု လုံးဝမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ * ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များမှ ကြက်၊ ဘဲ အဝင်အထွက်ကို ပိတ်ပင်ထားရာမှ ဧပြီလ ၂၆ ရက်နေ့တွင် ပြန်ဖွင့်ပေးခဲ့သည်။ * စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံတွင် ကြက်ငှက်များ၌ ရောဂါဖြစ်ပွားမှုကင်းစင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ * အောက်တိုဘာလ ၁၈ ရက်နေ့တွင် UN System Senior Coordinator for Avian and Human Influenza ဒေါက်တာဒေးဗစ်နာဘာရိုး မြန်မာနိုင်ငံသို့ ရောက်ရှိလေ့လာခဲ့သည်။ * ခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာဒေးဗစ်နာဘာရိုးက မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ စီမံထားရှိမှုသည် ကျေနပ်အားရဖွယ်ရှိကြောင်း ပြောကြားသည်။ * မြန်မာနိုင်ငံရှိ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း ဆောင်ရွက်မှုသည် အဆင့်မြင့်ကြောင်းနှင့် ရောဂါထိန်းချုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ စီမံဆောင်ရွက်ထားရှိမှုများကို နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများက ကောင်းစွာ အသိအမှတ်ပြုကြောင်း ပြောကြားသွားသည်။ * UNICEF, WHO၊ FAO နှင့် ထိုင်းနိုင်ငံ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ကလည်း မြန်မာနိုင်ငံ၏ အောင်မြင်စွာဆောင်ရွက်နိုင်မှုကို ချီးကျူးဂုဏ်ပြုခဲ့ကြသည်။ **လူမှောင်ခို လူကုန်ကူးမှုကိစ္စ။** * မျက်မှောက်ခေတ်၌ လူမှောင်ခို လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအားလုံးကို ကူးစက်ပျံ့နှံ့လျက်ရှိသည်။ * အထူးသဖြင့် အရှေ့ဥရောပနိုင်ငံများမှ အမျိုးသမီးများအား အနောက်ဥရောပနိုင်ငံများသို့ လူကုန်ကူးမှုဖြစ်ရပ်များ ကြီးထွားလာရာမှ ကမ္ဘာအနှံ့ ကူးစက်ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။ * အာရှတိုက်၏ဖြစ်ပွားမှုကို လေ့လာရာတွင် တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင် စသည့် နိုင်ငံများ ပါဝင်ကြောင်း သိရသည်။ * လူကုန်ကူးခံရသူအများစုမှာ ဖြားယောင်းသွေးဆောင်လှည့်ဖျားမှုကို အလွယ်တကူခံရတတ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်နေသည်။ * ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Right of the Child-CRC)ကို ပါဝင်လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည်။ * ၃–၇–၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်းပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက် မူဝါဒများချမှတ်ဖော်ဆောင်ပေးခဲ့သည်။ * လူမှောင်ခို လူကုန်ကူးမှုသည် မြန်မာလူမျိုးတို့ တန်ဖိုးထားစောင့်ရှောက်နေသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်စီးစေသဖြင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ * ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Elimination of All Forms of Discrimination Against Women-CEDAW)ကို ပါဝင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်။ * ၁၉၉၇ ခုနှစ်မှစတင်ပြီး လူမှောင်ခို လူကုန်ကူးမှုပြဿနာကို ဘက်စုံထောင့်စုံမှ တားဆီးကာကွယ်နိုင်ရေးအတွက် National Plan of Action ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ * အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော National Task Force များကို ဖွဲ့စည်းပြီး လူထုဆက်သွယ်ရေး နည်းလမ်းများမှတစ်ဆင့် အများပြည်သူတို့အား အသိပညာပေးလျက်ရှိသည်။ * ၂၀၀၀ ပြည့်နှစ်မှစ၍ အမျိုးသမီးရေးရာကော်မတီနှင့် မဟာမဲခေါင်ဒေသခွဲအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ် (UNIAP)တို့ပူးပေါင်းပြီး ဌာနပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော Mobile Training Team ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

စာမျက်နှာ ၁၀ မှ

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၃။	မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုမှု၊ ကြက်ငှက်တုပ်ကွေး၊ HIV၊ AIDS ကိစ္စများသည် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ အန္တရာယ်ဖြစ်ပေါ်လာနိုင်စေသည်။	* ပြဿနာ၏ အဓိကအကြောင်းရင်းဖြစ်သည့် ပြည်ပသို့ တရားမဝင်သွားရောက်မှုကို တားဆီးကာကွယ်ရန်အတွက် ၂၃–၉–၂၀၀၁ ရက်နေ့မှစပြီး ပညာပေးတားဆီးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ လူပွဲစား ၁၄၁၃ ဦးကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ * ၁၈–၂–၂၀၀၂ ရက်နေ့တွင် မြဝတီမြို့၌ လက်ခံရေးစခန်းဖွင့်လှစ်၍ ပြည်တွင်း/နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး လူကုန်ကူးခံရသူများအား မိဘရပ်ထံအပ်နှံခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ * ၂၀၀၂ ခုနှစ် မေလတွင် လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကို အမျိုးသမီးရေးရာကော်မတီ၊ UNIAP၊ UNICEF၊ SC (UK) တို့ ပူးပေါင်းကျင်းပပြီး ရှေ့လုပ်ငန်းစဉ်(၁၁)ရပ် ချမှတ်ဖော်ဆောင်ခဲ့သည်။ * ၁၇–၇–၂၀၀၂ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * ၂၀၀၃ ခုနှစ်မှစပြီး ဩစတြေးလျနိုင်ငံနှင့် ပူးပေါင်းလျက် အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်း (ARCPPT)စီမံကိန်းအရ တိုင်းနှင့်ပြည်နယ် မြို့ကြီးများတွင် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ * ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်ကိုလည်း ချမှတ်ဖော်ဆောင်လျက်ရှိသည်။ * ၂၀၀၄ ခုနှစ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(Convention Against Transnational Organized Crime-CTOC)ကို ပါဝင်လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည်။ * ထိုနှစ်မှာပင် အမျိုးသမီးနှင့် ကလေးသူငယ်များအထူးပြုသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)ကို ပါဝင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်။ * ထိုနှစ်မှာပင် ကုန်းတွင်း၊ ပင်လယ်၊ လေကြောင်းတို့တွင် လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာစာချုပ် (Protocol to Combat Smuggling of Migrants in Land, Sea and Air)ကို ပါဝင်လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည်။ * ၂၀၀၄ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အထူးအဖွဲ့ကို ရဲအရာရှိများဖြင့် လေ့ကျင့်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။ * ၃–၉–၂၀၀၄ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဖွဲ့စည်းပြီး နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။ * ၂၉–၁၀–၂၀၀၄ ရက်နေ့တွင် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း တရုတ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး MoU ကို ပါဝင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်။ * ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် လာအိုနိုင်ငံ၌ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးက အတည်ပြုထုတ်ပြန်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်များကို လိုက်နာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * ၁၅–၁–၂၀၀၅ ရက်နေ့တွင် မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ အေးချမ်းသာယာမှုတည်ဆောက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။ * ၂၀၀၅ ခုနှစ် မတ်လတွင် မဲခေါင်မြစ်ဝှမ်းဒေသ Regional Plan Action ကို ရေးဆွဲပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ * ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ * ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် လူကုန်ကူးမှုဖြစ်ပွားရာ ပြည်နယ်၊ တိုင်း မြို့ကြီး ကိုးမြို့ဖြစ်သော ဗန်းမော်၊ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ မော်လမြိုင်၊ ကော့သောင်း၊ ရန်ကုန်၊ ကလေးနှင့် မန္တလေးတို့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များ ဖြန့်ခွဲချထားခဲ့သည်။ * ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်စွာဖော်ဆောင်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်နှင့် လုပ်ငန်းအဖွဲ့အသီးသီး ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * မတ်လတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို UNIAP နှင့် ပူးပေါင်းကျင်းပပြီး ရှေ့လုပ်ငန်းစဉ်(၁၄)ရပ် ချမှတ်ဆောင်ရွက်ခဲ့သည်။ * မေလနှင့် ဇွန်လတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ တိုင်းနှင့် ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ * လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားခံများအား ကြီးလေးသောပြစ်ဒဏ် ချမှတ်နိုင်သည့်အပြင် ပိုင်ဆိုင်သော ငွေကြေးပစ္စည်းများကိုပါ သိမ်းဆည်းနိုင်သည့် ပြဋ္ဌာန်းချက်ပါရှိသဖြင့် လူမှောင်ခို လူကုန်ကူးသူများကို ထိရောက်စွာ ဟန့်တားအရေးယူနိုင်ခဲ့သည်။ * မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များပါဝင်သည့် တားဆီးကာကွယ်ရေးအဖွဲ့များက ဒေသအာဏာပိုင်များ၊ ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်းပြီး ပညာပေးဆွေးနွေးခဲ့သူ ကိုးသိန်းနီးပါးရှိခဲ့ပြီး တားဆီးနိုင်ခဲ့သူ ၂၈၈၄၀ ရှိသည်။ * မြဝတီ လက်ခံရေးစခန်းမှ ၃၀–၆–၂၀၀၆ ရက်နေ့အထိ ပြည်ပ၌ ဒုက္ခရောက်နေသူ ၂၀၇၇၂ ဦးကို ပြန်လည်လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပို့ဆောင်ပေးခဲ့သည်။ * ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လူမှောင်ခို လူကုန်ကူးမှုနှင့်ပတ်သက်သည့် အမှု ၇၄၈ မှုကို အရေးယူနိုင်ခဲ့ပြီး တစ်သက်တစ်ကျွန်းပြစ်ဒဏ် နှစ်ဦးနှင့် ၁၀ နှစ်အထက် ထောင်ဒဏ် ၉၉ ဦးအပါအဝင် တရားခံ ၁၉၂၀ ကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူခဲ့သည်။ * နိုင်ငံတော်က ၁၉၈၉ ခုနှစ်ကစပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၆ ခုနှစ်အထိ ငွေကျပ် ၈၄၇၅၃ ဒသမ ၃၃ သန်း အကုန်အကျခံ သုံးစွဲဆောင်ရွက်ပေးခဲ့သည်။ * ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုလည်း ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ * နယ်စပ်ဒေသတွင်နေထိုင်သော ချို့တဲ့သူများ လူကုန်ကူးမှုမခံရရေးအတွက် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းနှင့် အမျိုးသမီးသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၃၄ ကျောင်း ဖွင့်လှစ်ပြီး ပျိုးထောင်ပေးလျက်ရှိသည်။ * ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ ကြိုးပမ်းစွမ်းဆောင်အောင်မြင်မှုများ အထင်အရှားရှိနေသော်လည်း အမေရိကန်နိုင်ငံခြားရေးဌာနက အမေရိကန် ကွန်ဂရက်၏ လူကုန်ကူးသူများ ကာကွယ်မှုဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကို နှစ်စဉ် ထည့်သွင်းသတ်မှတ်ပြီး မမှန်မကန်လုပ်ကြံစွပ်စွဲမှုပြုခဲ့သည်။ * အခြားတစ်ဖက်တွင်မူ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု၊ ရင်းနှီးမြှုပ်နှံမှုမပြုရန် ပိတ်ဆို့မှု၊ ကုန်သွယ်မှုမပြုရန် ပိတ်ဆို့မှု စသည်တို့ကို တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်ခဲ့သည်။ * အမေရိကန်၏ ဖိအားပေးပိတ်ဆို့မှုကြောင့် ရန်ကုန်တိုင်းအတွင်း အထည်ချုပ်စက်ရုံ ၁၆၀ ကျော်ပိတ်ခဲ့ရပြီး စက်ရုံ ၄၀ ခန့်မှ အလုပ်သမားများကို လျှော့ချခဲ့ရသဖြင့် အလုပ်သမား ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ * အမျိုးသမီး အလုပ်သမ ခုနစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရသဖြင့် မိသားစုစားဝတ်နေရေး ဖြေရှင်းရင်း ရပ်တည်ရန်ခက်ခဲမှုအပေါ် အမြတ်ထုတ်လိုသူတို့၏ လှည့်ဖြားမှုကြောင့် အမျိုးသမီးငယ်အချို့ လူကုန်ကူးမှု၏သားကောင်ဘဝ ကျရောက်ခဲ့ရခြင်းဖြစ်သည်။

(ဖော်ပြပါ နှိုင်းယှဉ်လေ့လာချက်များကိုကြည့်ရှုရုံဖြင့် အမေရိကန်နှင့် ဗြိတိန်တို့ဟာ မြန်မာနိုင်ငံအပေါ် ကြက်ငှက်တုပ်ကွေးရောဂါကိစ္စ၊ လူမှောင်ခို လူကုန်ကူးမှုကိစ္စတွေနဲ့စပ်လျဉ်းပြီး မမှန်မကန် လုပ်ကြံစွပ်စွဲနေတာဖြစ်ကြောင်း၊ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားတွေ့ရှိကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ ဖော်ပြသွားပါဦးမယ်။)

၁၇–၁–၂၀၀၇ ရက်နေ့ သတင်းစာများတွင် ဖော်ပြခဲ့သည့် ခြောက်နိုင်ငံမှ အလှူရှင်များက ရောဂါသုံးမျိုးအတွက် ရန်ပုံငွေ Three Disease Fund ထူထောင်ပြီး ငါးနှစ်တာကာလအတွက် အကူအညီပေးမည့် ငွေမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်းမဟုတ်ဘဲ ၉၉ ဒသမ ၅ သန်းဖြစ်ကြောင်း ပြင်ဆင်ဖော်ပြအပ်ပါသည်။

▼ *ကျောဖုံးမှ*

၂။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့က မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဖိအားပေးစည်းရုံးလုပ်ဆောင်ခဲ့ပြီး ယခုဆုံးဖြတ်ချက်မူကြမ်းကို တင်ပြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ယနေ့မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ မကြုံစဖူးထူးကဲစွာ ပြည်တွင်းငြိမ်းချမ်းမှုရရှိခြင်း၊ မူးယစ်ဆေးဝါး မှုခင်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာနိုင်ငံအနှံ့ နယ်စပ်ဒေသအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ ပြည်သူလူထုအလွှာအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်နိုင်ခြင်း စသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပေသည်။

၄။ ဤသို့ လက်ရှိမြန်မာနိုင်ငံ၏တိုးတက်ဖွံ့ဖြိုးနေသောအခြေအနေကို မျက်ကွယ်ပြုထားသော ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကိုဆန့်ကျင်ကာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သဖြင့် အဆိုပါမူကြမ်းကိုတင်သွင်းခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့၏ လုပ်ရပ်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရှုတ်ချလိုက်သည်။

၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြင်းမရှိဘဲ ပြည်တွင်းရေးသက်သက်သာဖြစ်သဖြင့် လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရန် ဆီလျော်မှုမရှိကြောင်း ထောက်ပြဝေဖန်ပြီး ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်း ဖြစ်သည်။ ယင်းနှစ်နိုင်ငံသည် ကုလသမဂ္ဂ၏ရည်ရွယ်ချက်များကို လေးစားလိုက်နာဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံအတွက်သာမက အနာဂတ် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ ကောင်းမြတ်သောအစဉ်အလာတစ်ရပ်လည်း ဖြစ်ပါသည်။

၆။ ထိုသို့ကမ္ဘာ့ငြိမ်းချမ်းရေးကိုရှေးရှုကာ အမှန်တရားဘက်မှ ပြတ်သားစွာရပ်တည်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်တကွ ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အား မြန်မာပြည်သူတို့ကိုယ်စား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
ရက်စွဲ၊ ၁၇-၁-၂၀၀၇

❐ *ကျောဖုံးမှ*

ငြိမ်းခြောက်လျက်ရှိခြင်း၊ တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းမှုမရှိခြင်း၊ ကူးစက်ရောဂါပြန့်ပွားမှု မထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားခြင်း စသည့်မမှန်ကန်သောအကြောင်းပြချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းရန်ကြိုးပမ်းမှုအား လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များဖြစ်သော တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက် (၁၂)ရပ်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လာခဲ့ရာ နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါသည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် မြန်မာတိုင်းရင်းသား အချင်းချင်း ညှိနှိုင်းဖြေရှင်းကြမှသာ အောင်မြင်မှုရရှိနိုင်၍ ပြည်ပမှအင်အားသုံး၊ ဖိအားပေး၊ စီးပွားရေး ပိတ်ဆို့ဝင်ရောက်စွက်ဖက်မှုကို လုံးဝ(လုံးဝ)လက်မခံကြောင်းနှင့် အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့၏ ဝင်ရောက်စွက်ဖက်မှုကိုလည်း ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။ထို့အပြင်မြန်မာနိုင်ငံဘက်မှ ရပ်တည်ပြီး စာနာထောက်ထားစွာဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကလည်း မိမိနိုင်ငံနည်းတူ သဘောမတူကြောင်း ကန့်ကွက်ခဲ့ပါသည်။

၄။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ ဗိုလ်ကျစိုးမိုးနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချကာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်သည်မှာ မြန်မာနိုင်ငံအလုံးစုံပျက်စီးရေး ကြံရွယ်ချက်ဖြင့် လုပ်ဆောင်သောကြောင့် မိမိတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) အနေဖြင့် လုံးဝဆန့်ကျင် ကန့်ကွက်ကြောင်းနှင့် မြန်မာနိုင်ငံအခြေအနေကို နားလည်ပေးပြီးထောက်ခံအားပေးမှုများပြုလုပ်ပေးခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဦးအောင်ခမ်းထီ
ဥက္ကဋ္ဌ
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်။

■ *ကျောဖုံးမှ*

ဒီမိုကရေစီထွန်းကားမှုရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို လိုလားတောင့်တပါသည်။

၂။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခဲ့ခြင်းကို မိမိတို့အဖွဲ့မှ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့၏ စွပ်စွဲချက်သည် နိုင်ငံတော်၏ပကတိအခြေအနေများနှင့် အလွန်ကွာဟပြီး နယ်မြေအေးချမ်းသာယာမှု၊ ဖွံ့ဖြိုးမှုအသီးအပွင့်များကို ကျွန်ုပ်တို့တိုင်းရင်းသားများ ခံစားနေရပြီဖြစ်ပါသည်။ ယင်းအခြေအနေများကြောင့် မိမိတို့အဖွဲ့မှ ကန့်ကွက်သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီးသည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။

၃။ ထိုကဲ့သို့ဆန့်ကျင်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်နေမှု၊ HIV ၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သော အကြောင်းပြချက်များနှင့် ဆက်လက်ဆုံးဖြတ်ချက် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ယင်းစွပ်စွဲချက်နှင့်ပတ်သက်၍ မဟုတ်မှန်သောစွပ်စွဲချက်ဖြစ်ကြောင်း ကျွန်ုပ်တို့ တိုင်းရင်းသားများအားလုံး နားလည်သဘောပေါက်တွေ့ကြုံသိရှိကြပြီးဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ပြည်တွင်းမှ အင်အားစုတချို့မှာ အမေရိကန်တို့၏မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုအား ထောက်ခံကြခြင်းကို ကျွန်ုပ်တို့အဖွဲ့မှ ရှုတ်ချပါသည်။

၄။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်မှာ မမှန်မကန်စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်(၃)နိုင်ငံမှ ကြားနေခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းနေသည့် ပကတိအခြေအနေအား သိရှိပြီးနားလည်မှု၊ စာနာမှုအပြည့်အဝဖြင့် ထောက်ခံအားပေးမှုများ ပြုလုပ်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား မိမိတို့အဖွဲ့မှ ကျေးဇူးတင်ရှိပါသည်။

၅။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဖြစ်ကြောင်း၊ ကျွန်ုပ်တို့အဖွဲ့အနေဖြင့် ယုံကြည်၍ ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင် ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြေညာအပ်ပါသည်။

ဦးစိုင်းလင်း
ဥက္ကဋ္ဌ

● *ကျောဖုံးမှ*

ဇန်နဝါရီ ၁၄ ရက်သတင်းစာတွင် မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအစီအစဉ်တွင် ပါဝင်စေရန် ဖိအားပေးသိမ်းသွင်း အကောင်အထည်ဖော်ပြီးနောက် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန် ဗြိတိန်နိုင်ငံနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံးကာ ကန့်ကွက်ပယ်ချလိုက်သည်ဟူ၍ ဖတ်ရှုလိုက်ရကြောင်း။

မြန်မာနိုင်ငံ အခြေအနေမှန်အပေါ် နားလည်ပေးပြီး ကူညီခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တောင်အာဖရိကနိုင်ငံတို့နှင့်တကွ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား အထူးပင် ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေမှန်အပေါ် မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ဖျက်ဆီးနေကြသော အမေရိကန်နှင့် ဗြိတိန်အပါအဝင် ၎င်းတို့၏ မဟာမိတ်နိုင်ငံများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြောင်း။

အမေရိကန် အစိုးရက ကုလသမဂ္ဂ လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများအား လွှမ်းမိုးချုပ်ကိုင်ကာ ၎င်းတို့အလိုမကျသော ဖွံ့ဖြိုးဆဲနိုင်ငံများအား အကျပ်ကိုင် ဖိအားပေးရာတွင် အသုံးချနေကြသည်ကို ကမ္ဘာ့ပြည်သူအားလုံးက သဘောပေါက်ကြကြောင်း။

အမေရိကန်အစိုးရက မြန်မာနိုင်ငံအစိုးရအား ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရအဖြစ် သိမ်းသွင်းစည်းရုံး၍မရသောကြောင့် ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတစ်ရပ် ပေါ်ပေါက်ရေးကို နည်းမျိုးစုံဖြင့် ကြိုးပမ်းနေခြင်းသာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် အင်အားတောင့်တင်းခိုင်မာသော ဒီမိုကရေစီအခြေခံလူတန်းစားများ မရှိသေးကြောင်း၊ ထို့အတူ အင်အားတောင့်တင်းခိုင်မာ၍ သွေးစည်းညီညွတ်သော ပါတီတစ်ရပ်မရှိသေးကြောင်း၊ တပ်မတော်တစ်ခုတည်းသာလျှင် အစဉ်အလာရှိ၊ စည်းကမ်းရှိ၊ စွမ်းအားရှိ၊ အထက်အောက် အမိန့်နာခံမှုရှိ၊ အင်အားကျစ်လျစ်ခိုင်မာမှုရှိ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မှုစွမ်းအားရှိသည့် အဖွဲ့အစည်းဆိုသည်ကို မည်သူမျှ မငြင်းနိုင်ကြကြောင်း၊ ၎င်းမှာ မှန်ကန်သော နိုင်ငံရေးသစ္စာတရားဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အမျိုးသားညီလာခံမှ ခိုင်မာသည့်အခြေခံဥပဒေတစ်ရပ် အမြန်ပေါ်ပေါက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်ရေး၊ မြန်မာနိုင်ငံ၏ အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းတွင် တပ်မတော်ပါဝင်ထမ်းဆောင်ရေးကို အသိအမှတ်ပြုရေး၊ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲတစ်ရပ်ကျင်းပ၍ ပြည်သူ့ရွေးချယ်ခံကိုယ်စားလှယ်များနှင့် တပ်မတော်ကိုယ်စားလှယ်များ အချိုးကျပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲ၍ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးကို ကြိုးပမ်းအားထုတ်ရေးသည်သာလျှင် စစ်မှန်သော အမျိုးသားသင့်မြတ်ရေးအဖြစ် ယုံကြည်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

စတင်ကြိုးပမ်းစဉ်ကပင် မိမိတို့ မန်ပန်ပြည်သူ့စစ်အဖွဲ့သည်လည်း အခြားတိုင်းရင်းသား အဖွဲ့အစည်းများနည်းတူ ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ခဲ့ပါသည်။

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အပါအဝင် နိုင်ငံတကာနှင့် မိမိတို့ပြည်သူများ ကန့်ကွက်နေသည့်ကြားမှပင် အမေရိကန်အစိုးရသည် မိမိတို့နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ရန် ဖိအားအမျိုးမျိုးပေးပြီး နည်းလမ်းမျိုးစုံသုံး၍ ထောက်ခံမဲ(၉)မဲ ရရှိအောင်ဆောင်ရွက်၍ ကုလသမဂ္ဂ အဖွဲ့ကြီးအား ဆက်လက်အသုံးချခဲ့ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ ဒီမိုကရေစီထွန်းကားရေးကို အရှိန်မြှင့်လုပ်ဆောင်ရေး၊ တိုင်းရင်းသားနယ်မြေများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ရေးဟူသော ပုံကြီးချဲ့ထားသောအကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံအား အရေးယူပေးရန် အဆိုပြုချက်မူကြမ်း တင်သွင်းမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto) သုံး၍ ပယ်ချခဲ့ပါသည်။

၃။ ကန့်ကွက်မဲပေးခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် အမှန်တရားသည် ဖုံးကွယ်၍မရဟူသော စကားရပ်အရ ယုတ္တိမရှိသော စွပ်စွဲချက်များဖြင့် မိမိနိုင်ငံအပေါ် ဆိုးညစ်ယုတ်မာခဲ့သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ လုပ်ရပ်များကျဆုံးပြီး မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားက အောင်ပွဲခံလိုက်ခြင်းက သက်သေပြလိုက်သည်ဟု ယုံကြည်မိကြောင်း မိမိတို့ မန်ပန်ပြည်သူ့စစ်အဖွဲ့၏ သဘောထားအား ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးစိုင်းမွန်း
ဥက္ကဋ္ဌ
မန်ပန်ပြည်သူ့စစ်အဖွဲ့
ရှမ်းပြည်နယ်(မြောက်ပိုင်း)။

18-1 (12) 1 3/26/1905, 12:30 AM

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် သာသနာတော် ဆိုင်ရာ **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် မုံရွာမြို့ ဘုရားကြီးရပ် တရုတ်တန်းလမ်းနေ **ဒေါ်ကြွေကြွေ (လှနန်းသူဇာ သဘော်ပိုင်)**အား လှိုက်လှဲစွာထပ်တူဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်၏အကျိုးကို မိသားစုနှင့်အတူ ဆတက်ထမ်းပိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်၊ ညီမများ–
ကိုကျော်ဆွေငြိမ်း–မနီနီ၊
ကိုဝင်းအောင်မြင့်၊
ကိုထွန်းလှအောင်–မသိန်းသိန်း၊
ကိုသက်ဆွေဦး–မနွယ်နွယ်ဝင်း။

မွေးနေ့ဆုတောင်း

ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း) ၏ ၁၈–၁–၂၀၀၇ရက် (၆၃)နှစ်ပြည့်မွေးနေ့မှ နှစ်(၁၀၀)တိုင် ချစ်ဇနီး သားသမီးမြေးများနှင့်အတူ လက်တွဲပျော်ရွှင်စွာ နေထိုင်သွားရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီးနှင့်သားသမီး၊ မြေးများ။

VCD ALBUM

Sponsor By MAMEE

ဂုဏ်ယူဝမ်းမြောက်ခြင်း

ကျွန်တော့်ကိုယ်တွေ့ အရိုးကျိုးပေါင်းရောဂါ ကုထုံးဆေးဝါးများ

ထွက်ပြီ

ဒီဇယ်ဆီများသယ်ယူရန်အတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ထမံသီစီမံကိန်းသို့ ဒီဇယ်ဆီများ သယ်ယူရန်အတွက် ရေယာဉ်/ဆီတွဲများနှင့် ၂၄၀၀ဂါလန်နှင့်အထက်ဆီတင်ယာဉ် (ဘောက်ဆာ)များ လိုအပ်လျက် ရှိပါသည်။

၂။ သံပုရာကန်မှ ကလေးဝအထိ ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း၊ ကလေးဝမှထမံသီအထိ ရေယာဉ်/ ဆီတွဲ ဘောက်ဆာများဖြင့်လည်းကောင်း ပို့ဆောင်ပေးရပါမည်။

၃။ ၂၅–၁–၂၀၀၇ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ အောက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။

(တိုင်းရင်းသားလုပ်ငန်းရှင်များသာ)

မှတ်ချက်။ ။ အသေးစိတ် အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖြန့်ဖြူးရေးဌာန)
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)
စွမ်းအင်ဝန်ကြီးဌာန၊
ရုံးအမှတ်(၆)နေပြည်တော်၊
ဖုန်း–၀၆၇–၄၁၁၀၈၂၊ ၀၆၇–၄၁၁၁၀၃၊ ၀၆၇–၄၁၁၁၃၃။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်နိုင်ဝေဖြိုး နိုင်ငံသားစိစစ်ရေးကတ်၁၂/မဘန(နိုင်) ၀၈၀၃၆၀ နှင့် ယာဉ်မောင်းလိုင်စင်ပါ ပိုက်ဆံအိတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၆၈၀၃၁၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်ကျော်မိုး၏နိုင်ငံကူးလက်မှတ်အမှတ် ၄၆၉၅၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း–၀၉–၅၁၁၂၇၁၉။

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ လုပ်ငန်းသုံး ပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	i 8.5' Diameter Russel Net	600 ခု

၂။ ချိပ်ပိတ်တင်ဒါများကို မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ၂၂–၁–၂၀၀၇ရက် မွန်းလွဲ၁၆:၀၀ နာရီထက် နောက်မကျဘဲ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၈–၁–၂၀၀၇ရက်မှ စတင်၍ အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
အမှတ် ၉၀၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။
ဖုန်း–၅၇၈၄၇၀၊ ၅၆၄၇၅၉။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၇

ဦးကျော်မရသည် ကစားဖော်များ ဖြစ်ကြသော ဦးကျော်ညွန့်၊ ဦးအေးနှင့် ဒေါက်တာဇော်ဝင်းတို့နှင့်အတူ ဇန်နဝါရီ၁ရက်က မြန်မာဂေါက်သီး ရိုက်အသင်းတွင် ဂေါက်သီး ရိုက်ကစားကြရာ Sirxon Z.U.R ဘောလုံးကို Maruman Iron No.(7)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက်ရှိ ကျင်းအမှတ်(၁၂)၌ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(က–ပ)

မိုးမိတ်အသင်းနှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မိုးမိတ်မြို့နယ်အသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် နိုင်ငံတော်ကဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မိုးမိတ်ဆရာတော် ဘဒ္ဒန္တ တေဇဝန္တ(အဂ္ဂမဟာမဏ္ဍိတ)နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ မဟာဝိဇ္ဇာ(M.A)ဘွဲ့ရရှိသော အရှင်ပညာဝံသ(မဟာဓမ္မာစရိယ) အရှင်မြတ်နှင့် စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)တို့အား ဂုဏ်ပြုပူဇော်ပွဲကို ဇန်နဝါရီ ၂၁ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် သာသနာရာမိကကျောင်းတိုက် အမှတ် ၉၀ မင်းလမ်း ဆရာစံတောင် ဗဟန်းမြို့၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် အမှုဆောင်များနှင့် ဦးဇင်ကိုလေးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၁–၂၀၀၇ (ကြာသပတေးနေ့)

အချိန်	အစီအစဉ်
၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တားဆီးကွယ်ကာ မရှိပါဘဲ (အရှင်ဆေကိန္ဒ)
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	မောမြေရဲ့ အမောပြေ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်)
၈:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	နိုင်ငံတကာသတင်းကျဉ်း
၈:၅၅	ဓမ္မအလင်းရောင်
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	ပြည်တွင်းအနုပညာရေးရာ
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	ကျိုးသဲမြို့မှစည်းလုံးချည်
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	MRTV-4 ကျန်းမာရေး ကဏ္ဍ၊ ဒေါ်တင်နွယ်ဦး (မှန်ချို ဆေးတိုက်)နှင့်တွေ့ဆုံခြင်း
၁၀:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀	ရွှေကျင်မြို့မှ ရောက်သီး ထွက်ကုန်
၁၁:၀၀	မိုးလေဝသခန့်မှန်းချက်
၁၁:၀၅	Music Talk (ဂီတမှူး အကယ်ဒမီ ဦးခင်မောင်ကြီးနှင့်တွေ့ဆုံခြင်း) (အပိုင်း–၂)
၁၁:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀	ပြည်တွင်းထုတ်ကုန် ထုတ်လုပ်စို့ မြန်မာ့ခာတ်ဆားမှုန့်
၁၂:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀	သွားမယ်စားမယ် (Feel မြန်မာထမင်းဆိုင်)
၁၂:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀	၂၀၀၄ ခုနှစ်၏ အကောင်းဆုံး ဇာတ်ကားဖန်တီးရှင် (စင်ရော်မောင်မောင်နှင့် တွေ့ဆုံခြင်း)
၁:၀၀	MRTV-4 အပိတ် Logo၊

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို
နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊
မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊
ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊
နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်
ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို ဒီဇင်ဘာ ၁၂ ရက်က မြင်းခြံမြို့ ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ကျင်းပရာ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ ဒေသဆိုင်ရာ မျက်စိအထူးကုဆရာဝန် ဒေါက်တာ ဝင်းမာထွန်းနှင့် အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာသန္တာထွန်းတို့က ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု သင်တန်းမှ ကျန်းမာရေးဝန်ထမ်း ၂၅ ဦးတို့အား သင်ကြားပို့ချပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကညွတ်ကွင်းမြို့၌ ကတ္တရာလမ်းခင်း

ဖြူး ဇန်နဝါရီ ၉

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဇန်နဝါရီ ၅ ရက်က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကညွတ်ကွင်း မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဗန်ကျွမ်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်လေးသန့်တို့က လမ်းအပိုင်းလိုက် ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြကြသည်။

(မြို့နယ် စည်ပင်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ၊ မဟာဗောဓိ စေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ် စေတီ တည်ထား ကိုးကွယ် ဆောက်လုပ်ရန်အတွက် မုဒုံမြို့ ယုဇနလမ်း စက်သစ်ရပ်နေ ဖခင် ဦးရွှေရ–မိခင် ဒေါ်ချစ်တို့အား အမှူးထား၍ ရဟန်းမယ်တော်ကြီး ဒေါ်အုန်းကြည် (အုန်းပင်ဆေးလိပ်ခုံ) မိသားစုက အလှူငွေကျပ်တစ်သိန်းကို အမှုဆောင်ဆရာတော် အရှင်သူရိယ(မြစ်ကျိုး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

လင်းခေးမြို့နယ်၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

လင်းခေး ဇန်နဝါရီ ၁၆

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာအုပ်စု ဆောင်ကျဲကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အဆိုပါကျေးရွာစာကြည့်တိုက်ကို ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဆံထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စာကြည့်တိုက်အတွက် စာအုပ်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

လက်ခံရယူ

ဆက်လက်၍ ယင်းနေ့နံနက် ၁၀နာရီက ဝမ်တိန်းကျေးရွာအုပ်စုရှိ ဟန်လွိုင်ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ရှိန်ဝင်း၊ ခရိုင် ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းပုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာအုပ်များပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဝမ်ဟတ် ကျေးရွာအုပ်စု တပ်နေ/လယ်ရွဲကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို နံနက် ၁၁နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုး၊ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဆိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာအုပ်အလှူရှင်များက စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

အုတ်တွင်းမြို့နယ် စစ်မှုထမ်းဟောင်းရုံးသစ်ဖွင့်

အုတ်တွင်း ဇန်နဝါရီ ၉

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ နဝဒေးလမ်းရှိ အဆိုပါ ရုံးသစ်တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံကို အခမ်းအနားဖြင့် လွှင့်တင်ကြပြီး သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပရိတ်တရားတော်များ နာယူကြသည်။

ဖွင့်လှစ်ပေး

ထို့နောက်မြို့နယ်စစ်မှုထမ်းဟောင်းရုံးသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** မြို့နယ်စစ်မှုထမ်းဟောင်း ဆိုင်းဘုတ်ကိုစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။**(၃၁၆)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံ၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ပထမဆုရသောကလေးအား ဆုချီးမြှင့်စဉ်။ (၂၂၂)

ပညာရေးစုံညီပွဲတော် ဟိုပန်မြို့၌ကျင်းပ

ဟိုပန် ဇန်နဝါရီ ၁၆

ဟိုပန်မြို့နယ် ၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း စာမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အင်န်ဂျီးတောင်တို့က အမှာစကား ပြောကြားကြပြီး တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်း သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုနှင့် ဘာသာရပ်အလိုက် ဆုရကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ကြသည်။**(ယာပုံ)**

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေး ဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာ ဦးစီးဌာန၏ (၂၀၀၆–၂၀၀၇) ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၆ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ပန်းဘဲတန်း အမက ခန်းမတွင် ကျင်းပရာ Grade-3 (A) မှ ဘာသာစုံ၊ဘက်စုံထူးချွန် ပထမဆုရ မောင်လူမော်ဟိန်းအား ကျောင်းအုပ် ဆရာကြီး ဦးတိုးဆွေက ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

(၁၁၆)

လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်း အနားကို ဇန်နဝါရီ ၆ ရက်က အဆိုပါကျောင်းရှေ့၌ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဌေးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(ပညာရေး)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖားကန့်မြို့လှပရေး မြေယာရှုခင်းပြုပြင်

ဖားကန့် ဒီဇင်ဘာ ၃၁

ဖားကန့်မြို့ သာယာလှပစေရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ဒုတိယဦးစီးမှူး ဦးမြင့်ဌေး ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ရုံးအနောက်ဘက်ရှိ စုပေါင်းရုံးလမ်းဘေး တစ်လျှောက်၌ မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်

မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနေသော အခြေအနေကို မျက်ကွယ်ပြုထားသော ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ဆန့်ကျင်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သဖြင့်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၇

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဇန်နဝါရီ ၁၇ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သဖြင့် အတည်ပြုနိုင်ခြင်းမရှိခဲ့ကြောင်း သိရပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ▼

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) သဘောထားကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံအရေးကိစ္စသည် မြန်မာတိုင်းရင်းသားအချင်းချင်းဖြေရှင်းမှသာ အောင်မြင်မှုရနိုင် ပြည်ပမှအင်အားသုံး ဖိအားပေး စီးပွားရေးပိတ်ဆို့မှုကို လုံးဝ(လုံးဝ) လက်မခံ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ ဝင်ရောက်စွက်ဖက်မှုကိုလည်း ရှုတ်ချကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၁၇

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ သဘောထားကြေညာချက်

ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ အမေရိကန်ပြည်ထောင်စု ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်၏တင်ပြမှုကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အနေအထားသည် ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုကို စာမျက်နှာ ၁၂ ကော်လံ ၄ ❐

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄) စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ၏ ကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စကို ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်သည်ဟု ယုံကြည်

ရန်ကုန် ဇန်နဝါရီ ၁၇

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီက ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) စစ်ရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားတိုးတက်မှုပြည်စုံ၍ စာမျက်နှာ ၁၂ ကော်လံ ၁ ■

နိုင်ငံရေးဘောဂဗေဒ လေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ဖျက်ဆီးနေကြသော အမေရိကန်၊ ဗြိတိန်နှင့် ၎င်းတို့၏ မဟာမိတ်နိုင်ငံများအား ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၇

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် နိုင်ငံရေး ဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစုက ဇန်နဝါရီ ၁၅ ရက်တွင် သဘောထား ကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မိမိတို့သည် အလံနီပါတီခေါင်းဆောင်ဆရာကြီး သခင်စိုး၏ အကြမ်းဖက်အဖျက်လမ်းစဉ်ကို စွန့်လွှတ်ကာ ၁၉၇၀ပြည့်နှစ်တွင် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ပြီး ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးကို အခြေခံလျက် "ခေတ်သစ် သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးနှင့် သုတေသနပြု တိုးချဲ့ထုတ်လုပ်ရေး" ငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့အား ထူထောင်ရန် ၎င်းအဖွဲ့ကို အမွေဆက်ခံသော "နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု"ဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၄ ●

မန်ပန်ပြည်သူ့စစ်အဖွဲ့ ကြေညာချက်ထုတ်ပြန်

မိမိတို့ မြန်မာနိုင်ငံအပေါ် ယုတ္တိမရှိသော စွပ်စွဲချက်များဖြင့် ဆိုးညစ်ယုတ်မာခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ် ကျဆုံးခြင်းသည် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားက သက်သေပြလိုက်ခြင်းဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၇

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မန်ပန်ပြည်သူ့စစ်အဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီးဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်

မန်ပန်ပြည်သူ့စစ်အဖွဲ့ သဘောထားကြေညာချက် (၁/၂၀၀၇)

ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ အမေရိကန်အစိုးရသည် ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့၌ မြန်မာနိုင်ငံအရေးကိစ္စအား မဟုတ်တမ်းတရမ်းစွပ်စွဲပြောဆို၍ ကုလသမဂ္ဂအဖွဲ့ကြီးကို အသုံးချရန် စာမျက်နှာ ၁၂ ကော်လံ ၁ ✻

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

- ❑ **အမေရိကန်က သူတို့ဩဇာမခံသော လက်ရှိတပ်မတော်အစိုးရလက်ထက်တွင် ဘာတစ်ခုမျှ တိုးတက်မလာစေလိုပေ။ မြန်မာပြည်သူများ အလုပ်မရှိ၊ ဝင်ငွေမရှိဖြစ်ကာ ဆင်းရဲငတ်ပြတ်စေလိုသည်။ သို့မှသာ လက်ရှိအစိုးရနေရာတွင် ၎င်းတို့၏ ရုပ်သေးအစိုးရတက်လာကာ မြန်မာနိုင်ငံ ၎င်းတို့လက်ထဲရောက်မည်။ ဤသည်မှာ အမေရိကန်နှင့် အပေါင်းပါတို့ စွပ်စွဲသမျှ၏ ရည်ရွယ်ချက်ဖြစ်။**

မောင်မှတ်ကျောက်၏ဆောင်းပါး (စာ ၈-၉)

- ❑ **အကြောင်းပြစွပ်စွဲတဲ့ လူမှောင်ခို လူကုန်ကူးမှုကိစ္စနဲ့ ကြက်ငှက်တုပ်ကွေးရောဂါကို မြန်မာနိုင်ငံအတွင်း ကင်းစင်ပပျောက်အောင် ဘယ်လိုကြိုးပမ်းအားထုတ် လုပ်ဆောင်ခဲ့တယ်၊ လုပ်ဆောင်နေတယ်ဆိုတာ လေ့လာဆန်းစစ်ကြည့်ရင် အဲဒီအကြောင်းပြ စွပ်စွဲမှုတွေဟာ မဟုတ်မမှန် လုပ်ကြံဖန်တီးထားတာဖြစ်ကြောင်း သိရှိနိုင်။**

စာဖတ်သူတစ်ဦး၏ဆောင်းပါး (စာ ၁၀-၁၁)